# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၃)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည် ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင်ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ အဗ္ဗဒဲလ်လာဇိ(စ်)၊ ဘူတဖလိကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင်ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအာမက်၊ အူယာဟီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဖောင်တော်ဦးဘုရားကျောင်းတော်ဝင်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဘုရားရုပ်ပွားတော်များအား ပူးမြော်ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးဘုရားကျောင်းတော်ဝင်ပွဲနှင့် အင်းသားရိုးရာလှေပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၉နာရီက ဖောင်တော်ဦးဘုရားရင်ပြင်တော်၌ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီ၊ ပတ္တမြားနဂါးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးနေဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■

အောက်တိုဘာ ၂၄ ရက်က ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်ရေ ရေလှောင်တမံ ဆက်သွယ်မြောင်း ဥမင်အဝင်ပိုင်းကို ဤသို့တွေ့ရသည်။

**(လယ်ယာ/ဆည်မြောင်း)**



**မြန်မာ့အလင်း**

## ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- ■ နှစ်နိုင်ငံဆက်သွယ်ထားသည့်လမ်းများဖောက်လုပ်နိုင်ခြင်းသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖော်ဆောင်နိုင်သည့်အပြင် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေရုံသာမက နယ်စပ်ဒေသနေပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများ မလွဲမသွေရရှိလာနိုင်မည်ဖြစ်။ **ခေါင်းကြီး(စာ–၂)**
- ■ မုန်းချောင်းတစ်လျှောက်၌ မုန်း၊ ကြီးအုံကြီးဝနှင့် ဘူးစီမံကိန်းသုံးခုသည် စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ခန့်ကို ထုတ်လုပ်နိုင်အားရှိ၍ ရေဝတီအနောက်ဘက်ကမ်းဒေသအတွက်ရော နိုင်ငံတော်အတွက်ပါ အလေးထားအားကိုးရမည့် စီမံကိန်းဖြစ်။ **ဦးဇော်၏ဆောင်းပါး(စာ–၁၀)**

## ညောင်ကုန်းတမံနှင့် ကျောက်တံခါးရေလှောင်တမံစီမံကိန်း လယ်ယာ/ ဆည်မြောင်း ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်တင်ဦးလွင်တို့လိုက်ပါလျက် အောက်တိုဘာ ၂၄ ရက်တွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာအနီး၌ တည်ဆောက်နေသည့် ညောင်ကုန်းရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍

*စာမျက်နှာ ၉ ကော်လံ ၁* ●

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

# နှစ်နိုင်ငံဆက်သွယ်သည့်လမ်းများ တိုးတက်ကောင်းမွန် ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုအကျိုးရလဒ်ကောင်းများ ပေါ်ထွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ချက်များ စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများကို နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက် ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအဆောက်အအုံများ ဖြန့်ကြက်ဆောင်ရွက်ရာ၌ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အတွင်း ပိုင်းရှိ လမ်းနှင့်တံတားများသာမက နယ်စပ်ဒေသများရှိ လမ်းများတိုးတက်ကောင်းမွန်အောင် ဖြည့်ဆည်း ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြိုးပမ်းအားထုတ်မှု၊ အိမ်နီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ဆက်ဆံနိုင်မှုများကြောင့် နှစ်နိုင်ငံများအကြား လမ်းပန်းဆက် သွယ်မှု တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ရာ နှစ်နိုင်ငံ ချစ်ကြည်ရေး၊ နှစ်နိုင်ငံ စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တိုးမြှင့် လုပ်ဆောင်နိုင်ခဲ့သည်။

သာဓကအနေဖြင့် မြန်မာ- အိန္ဒိယနယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် စေရန်အတွက် နှစ်နိုင်ငံပူးပေါင်း လက်တွဲဆောင်ရွက်လျက်ရှိရာတွင် တမူး-ကလေးကားလမ်း၊ ရိဒ်- တီးတိန်နှင့် ရိဒ်-ဖလမ်း လမ်းများသာမက ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းလုပ်ငန်း များကိုလည်း နှစ်နိုင်ငံညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိသဖြင့် ဒေသတွင်းသာမက နှစ်နိုင်ငံလမ်းပန်း ဆက်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်သည်။

မြန်မာ- တရုတ်နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်အဖြစ် ကချင် ပြည်နယ်တွင် ထိန်ချူး-မြစ်ကြီးနားကားလမ်းကို တရုတ်-မြန်မာ နယ်နိမိတ် ကျောက်တိုင်အမှတ်(၄)မှ ဝိုင်းမော်မြို့နယ် ဝါးရှောင်ကျေးရွာအထိ ကျောက်ခင်းကားလမ်း စတင်ဖောက်လုပ်ခြင်း အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာလ ၁၉ရက်နေ့က ဝိုင်းမော်မြို့နယ်တွင် ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့် အဝေးပြေးလမ်းမကြီးသုံးခုရှိရာ ၎င်းလမ်းမကြီးသုံးခုသည် တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်းသော်လည်းကောင်း၊ ဆက်စပ်လျက် သော်လည်းကောင်း တည်ရှိနေကြသည်။ ယင်းလမ်းမကြီးများမှာ အာရှလမ်းမကြီးများနှင့် အာဆီယံ လမ်းမကြီးများ၊ မဲခေါင်မြစ်ဝှမ်းဒေသ လမ်းမကြီးများဖြစ်သည်။

အာရှလမ်းမကြီးများတွင် ၉၇၃မိုင်ရှည်သည့် မြဝတီ-ကော့ကရိတ်-ဘားအံ-သထုံ-ဘုရားကြီး- မိတ္ထီလာ-မန္တလေး-မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေး-တမူးလမ်း၊ ၉၆၆မိုင်ရှည်သည့် တာချီလိတ်-မိတ္ထီလာ- တမူးလမ်းနှင့် ၅၆မိုင်ရှည်သည့် ကျိုင်းတုံ-မိုင်းလားလမ်းများ ပါဝင်ကြသည်။ ထို့အပြင် မြန်မာနိုင်ငံ အတွင်း မဲခေါင်မြစ်ဝှမ်းဒေသ လမ်းသုံးလမ်းလည်း ဖြတ်သန်းလျက်ရှိသည်။

ယင်းကဲ့သို့ နှစ်နိုင်ငံဆက်သွယ်ထားသည့် လမ်းများဖောက်လုပ်နိုင်ခြင်းသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်နိုင်သည့် အပြင် နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေရုံသာမက နယ်စပ်ဒေသနေ ပြည်သူများ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများ မလွဲမသွေရရှိလာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသများနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်လျက်ရှိသည့် လမ်းများ တိုးတက်ကောင်းမွန် လာသည်နှင့်အမျှ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများနှင့် နှစ်နိုင်ငံပြည်သူများ အတွက် အကျိုးစီးပွားဖြစ်ထွန်းစေပြီး ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၁

**ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)ကို အောက်တိုဘာ၃၁ရက်က ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် စစ်ဘက်၊ နယ်ဘက်မှအရာရှိကြီးများ၊ အမျိုးသားညီလာခံကိုယ်စားလှယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေး မှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အလှူရှင်များ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်ကျောင်းသားကျောင်းသူများ၊ ထူးချွန်ဆုရအသင်းသား အသင်းသူများ တက်ရောက်ကြသည်။**

### အမှာစကားပြောကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က အမှာစကားပြော ကြားကြသည်။

### လက်ခံရယူ

ထို့နောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေများပေးအပ်ကြရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လက်ခံရ ယူသည်။ **(ယာပုံ)** ဆက်လက်၍ အလှူရှင် ဒေါက်တာညွန့်ဖေနှင့်ဇနီး ဒေါ်နန်းချစ်ဆွေတို့က လှူဒါန်းငွေကျပ် ၃၅ သိန်း၊ ဦးကျော်တင့်နှင့်ဇနီး ဒေါ်ကြည်ကြည်တို့က လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ပုသိမ်ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ် သုံးသိန်းတို့ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က လက်ခံရယူသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွက် အလှူရှင်များက လှူဒါန်းငွေများအား လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများကလက်ခံရယူကြသည်။

### ဆုချီးမြှင့်

၎င်းနောက် ၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ခြောက် ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသားကျောင်းသူ ၃၁ဦး၊ လေး




ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သောကျောင်းသားတစ်ဦး၊ သုံးဘာသာဂုဏ်ထူး ဖြင့် အောင်မြင်သော ကျောင်းသားကျောင်းသူ ငါးဦးနှင့် ထူးချွန်ဆုရ အသင်း သား အသင်းသူ ၄၅ ဦးတို့အား ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကိုကျင်းပရာ သဘာပတိအဖြစ် ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းအလုပ်အမှုဆောင် ဒေါက်တာဌေးဝင်းနှင့် တိုင်းအလုပ်အမှုဆောင် ဦးစော ဂျိမ်းစ်တို့ကဆောင်ရွက်ကြရာ အစုအဖွဲ့များ၏ ကဏ္ဍအလိုက်ဆွေးနွေးညှိနှိုင်း မှုများမှ တွေ့ရှိချက်များတင်ပြခြင်း၊ တိုင်းအလုပ်အမှုဆောင်များမှ ပြန်လည် ဆွေးနွေးခြင်း ဆောင်ရွက်ကြပြီး ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ ချမှတ်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် စုပေါင်းဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မော်ဘီမြို့နယ် ဖူးကြီးကျေးရွာအုပ်စု ရေသိုးကျေးရွာ မိုးကုတ်ရိပ်သာ စန္ဒာရာမကျောင်းတိုက် ဆရာတော် ဦးစန္ဒောဘာသနှင့် သံဃာတော်များအား ဦးဘသော်မိသားစု(ကျောက်မြောင်း)နှင့် ဦးဝင်းမောင်(ပညာရေး-ငြိမ်း)ဒေါ်တင်ရီ မိသားစု တောင်ဥက္ကလာပတို့က မတည်၍ အလှူရှင်အသီးသီးတို့က ၁၃၆၆ခုနှစ် သီတင်းကျွတ် လပြည့်ကျော်၁၀ရက် (နိုဝင်ဘာ ၇ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ဒုတိယအကြိမ် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းမည်ဖြစ် ကြောင်း သိရသည်။ **(က-ပ)**



# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင်ကျရောက်သော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗ္ဗဒဲလ်လာဇိ(စ်)၊ ဘဲလ်ခါဒဲ(မ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# တရားဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ကျေးရွာတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပါဒ်အခြေခံသင်တန်း တရားကို မင်္ဂလာဗျူဟာအဖွဲ့ချုပ်တွင် မိုးကုတ် နယ်လှည့်ဓမ္မကထိကများ ဖြစ်ကြသော ဒေါက်တာဦးကျော်မြင့်၊ သီလရှင်ဆရာမကြီး ဒေါ်ဝိမလစာရီ တို့က နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက် (စနေ၊ တနင်္ဂနွေ)မှစ၍ ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာ-နီပေါနှစ်နိုင်ငံသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ ရန်ကုန်မြို့၌လေ့လာရေးခရီးရောက်ရှိနေသောနီပေါနိုင်ငံသတင်းစာဆရာများအသင်းမှဥက္ကဋ္ဌ Mr.Manju RatnaSakya ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင်ခုနစ်ဦး ပါဝင်သော နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအကြံပေး ပုဂ္ဂိုလ်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးအား နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၁

**မြန်မာ-နီပေါ နှစ်နိုင်ငံသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးအစီအစဉ်အရ ရန်ကုန်မြို့တွင် လေ့လာရေးခရီး ရောက်ရှိနေသော နီပေါနိုင်ငံသတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Marju Ratna Sakya ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင်ခုနစ်ဦးပါဝင်သည့် နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် ဧည့်ခန်းမသို့ လာရောက်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းအား တွေ့ဆုံနှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)နှင့်(နိုင်ငံခြား)မှ စာတည်းမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး (သတင်း)နှင့် ဒုတိယညွှန်ကြားရေးမှူး (စီမံ)တို့ တက်ရောက်ကြသည်။

**ကြိုဆို**

ထို့နောက် နီပေါနိုင်ငံ သတင်းစာဆရာများအဖွဲ့သည် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ ရောက်ရှိကြရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ စာတည်းမှူး ဦးလှိုင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက သတင်းစာတိုက်၏ နောက်ခံသမိုင်း၊ နေ့စဉ်သတင်းစာ ထုတ်ဝေဖြန့်ချိနေမှု၊ နယ်မြို့များ၌ ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ သတင်းရယူရေးသားမှုနှင့် ပုံနှိပ်ထုတ်ဝေမှု အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နီပေါသတင်းစာဆရာများအဖွဲ့သည် သတင်းစာတိုက်ရှိ အင်တာနက်ခန်း၊ စာတည်းခန်း၊ ကွန်ပျူတာစာစီခန်းနှင့် ပုံနှိပ်စက်ခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူများက သတင်းစာထုတ်ဝေမှုလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြသကြသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် အဆိုပါ နီပေါနိုင်ငံ သတင်းစာဆရာများအဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ စင်ထရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



**နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်ရှိ ကွန်ပျူတာစာစီခန်းအတွင်း ကြည့်ရှုလေ့လာကြစဉ်။**

**(မြန်မာ့အလင်း)**

## ကွက်ကျားရွာဖွယ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

# နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လေ့လာရေးခရီးရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာ-နီပေါနှစ်နိုင်ငံသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေး အစီအစဉ်အရ နီပေါနိုင်ငံသတင်းစာဆရာများအသင်းဥက္ကဋ္ဌ မစ္စတာ မန်ဂျူးရတနစကြာ ခေါင်းဆောင် အပါအဝင် အဖွဲ့ဝင်ခုနစ်ဦးပါဝင်သည့် နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် နိုဝင်ဘာ ၇ ရက်အထိ လေ့လာရေးခရီးလည်ပတ်ရန် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း)ဦးဝင်းတင်၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း)မန်နေဂျာ ဦးညွန့်လှိုင်နှင့်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်မှ သတင်းထောက်မှူး ဦးညွန့်ဝေတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**လိုက်ပါလာ**

အဆိုပါ နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မစ္စစ်ဆူဘာလက်ဆမီးစကြာ၊ အထွေထွေအတွင်းရေးမှူးမစ္စတာနေးလ်မားလ်ကူးမားအာရီးရဲလ်၊ သတင်းထောက်မစ္စတာဆူဒါရှမ်ပန်တ၊ တူဒေးမဂ္ဂဇင်းအယ်ဒီတာ မစ္စတာမိုဟန်ဘီလာပါ၊ မန်ထန်မဂ္ဂဇင်းအယ်ဒီတာ မစ္စတာဟာရီဂိုးပါးလ်ပရာဒမ်နှင့် ဓာတ်ပုံသတင်းထောက် မစ္စတာပရာကာစ်မတ်စ်ကေတို့ လိုက်ပါလာကြသည်။

**ပေးအပ်လှူဒါန်း**

နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ မစ္စတာမန်ဂျူးရတနစကြာခေါင်းဆောင်သော သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည်သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ သတင်းထောက်မှူးဦးညွန့်ဝေ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ဧည့်ခံတန်ဆောင်းရှိ ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ စေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ကြည်ညို**

ဆက်လက်၍ စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရာဟုထောင့်ရှိ အောင်မြေမှတစ်ဆင့် စေတီတော်မြတ်ကြီးအား ကြည်ညိုကြသည်။

ယင်းနောက် တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်း ခေါင်းလောင်းတော်နှင့် ရင်ပြင်တော်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည်ညိုကြသည်။

**ရှင်းလင်းပြသ**

ထိုမှတစ်ဆင့် နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် လေ့လာရေးအဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့ဥယျာဉ်ရှိ ပြည်ထောင်စုအေးရိပ်ငြိမ်သို့သွားရောက်ပြီး တိုင်းရင်းသားပြခန်း၊ သစ်တောပြခန်း၊ ကျောက်မျက်ပြခန်းနှင့် ပန်းပြခန်းတို့ကိုလည်းကောင်း၊ ပြည်သူ့ရင်ပြင်ကိုလည်းကောင်း ကြည့်ရှုလေ့လာကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန ဒုတိယဌာနမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နီပေါနိုင်ငံသတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**

# အိန္ဒိယနှင့်ပါကစ္စတန် ပုံမှန်ဆက်ဆံရေးဖြစ်ထွန်းရန် ကြိုးပမ်းနိုင်မှု တရုတ်သမ္မတ ဟူကျင်တောင် ချီးကျူးပြောကြား

ပေကျင်း အောက်တိုဘာ ၃၁

**တရုတ်နိုင်ငံ ပေကျင်းက အိမ်နီးချင်းများ ငြိမ်းချမ်းစေလိုမှုအပေါ် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ နှစ်နိုင်ငံဆက်ဆံရေးပုံမှန်ဖြစ်ထွန်းအောင် ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်းကို တရုတ်သမ္မတဟူကျင်တောင်က ချီးကျူးကြောင်း သောကြာနေ့၌ ပြောကြားလိုက်သည်။**

ပါကစ္စတန်အမတ် ချောင်ဒရီအေမီယာဟတ်ဆင် ပေကျင်းမြို့၌ ဟူနှင့်တွေ့ဆုံရာတွင် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ပုံမှန်ဆက်ဆံရေးကို ပါကစ္စတန်နိုင်ငံက ကြိုးပမ်းဆောင်ရွက်ချက်များအား ချီးကျူးထောမနာပြုပါကြောင်း သမ္မတဟူကျင်တောင်က ပြောကြားသည်။ တရုတ်နိုင်ငံသည် ဒေသတွင်း ငြိမ်းချမ်းရေးကို လိုလားကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

### တန်ဖိုးထား

မိမိတို့သည် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့အကြား ဆွေးနွေးမှုကို တန်ဖိုးထားကြောင်းဖြင့်လည်း ဟူက ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီမည်ဟူ၍လည်း ဟူကဟတ်ဆင်အား အခိုင်အမာ ပြောကြားလိုက်သည်။

### ဝမ်းသာပီတိဖြစ်ရ

တရုတ်သမ္မတ ဟူကျင်တောင်သည် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ် နှင့် ပြီးခဲ့သည့်နှစ်က တွေ့ဆုံခဲ့ပြီး အလွန်အကျိုးရှိသည့် ပူးတွဲကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းကြေညာချက်ကို အကောင်အထည်ဖော်နေသည်ကို တွေ့မြင်ခဲ့ရ၍ ဝမ်းသာပီတိဖြစ်ရကြောင်း ဟူကထပ်လောင်းပြောကြားသည်။

### မျှော်လင့်

ပါကစ္စတန်အစိုးရက ပါကစ္စတန်ရှိ တရုတ်အမျိုးသားများ၏ လုံခြုံဘေးကင်းရေးအတွက် အစီအမံများ ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ပီတီအိုင်**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# တရုတ်–ထိုင်း ဆက်ဆံရေးတိုးတက်လာမှု မဟာဗျူဟာဆက်ဆံရေး ပိုမိုခိုင်မြဲစေခဲ့

ဗန်ကောက် အောက်တိုဘာ ၃၁

**တရုတ်–ထိုင်းဆက်ဆံရေးတိုးတက်လာမှုသည် နှစ်နိုင်ငံအကြား မဟာဗျူဟာဆက်ဆံရေးကို ပိုမိုခိုင်မြဲစေခဲ့ကြောင်း ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာက သောကြာနေ့၌ ပြောကြားလိုက်သည်။**

**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်ဒုတိယအကြီးအကဲ ရှောင်ကောင်ကိုင်းနှင့် တွေ့ဆုံစဉ် သက်ဆင်က အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုင်းနှင့်တရုတ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကိစ္စများ ကိုင်တွယ်ဖြေရှင်းရာတွင်နှစ်နိုင်ငံအကြားအပြန်အလှန်ထောက်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဆက်ဆံခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။**

တတိယအကြိမ် တရုတ်–ထိုင်း လုံခြုံရေးတိုင်ပင်ဆွေးနွေးပွဲကို သောကြာနေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ ရှောင်နှင့် ထိုင်းကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတန်းအတွင်းရေးမှူး ဗိုလ်ချုပ်အော့ဒ်ဘောင်ဒွန်တို့က ပူးတွဲ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ နှစ်နိုင်ငံအဖွဲ့ဝင်များသည် နက်ရှိုင်းစွာဆွေးနွေးခဲ့ကြသည်။

ယင်းတို့သည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေ၊ အမျိုးသားကာကွယ်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးတို့အပါအဝင် ဘုံကိစ္စရပ်များအပေါ် အမြင်ချင်းတူညီခဲ့ကြသည်။ နှစ်နိုင်ငံအကြား အနာဂတ် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများလုပ်ကိုင်နိုင်မည်ဟု မျှော်လင့်ကြောင်း ရှောင်က ထုတ်ဖော်ပြောကြားသည်။

တရုတ်နိုင်ငံ၏ မူဝါဒကို ထောက်ခံအားပေးသည့်အတွက် ထိုင်းကို ကျေးဇူးတင်မိကြောင်း ၎င်းက ပြောကြားသည်။ နှစ်ရက်ကြာ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ရှောင်သည် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးချာဗလစ်ယောင်ချိုင်ယုဒ်နှင့် ကာကွယ်ရေးဝန်ကြီး ဆမ်ဖန်ဘွန်ညံနန်တို့အားလည်း သီးခြားစီ တွေ့ဆုံခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ရှန်ဟိုင်းမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ တောင်ကိုရီးယားကုမ္ပဏီမှ အစုရှယ်ယာများဝယ်မည်

**ဆိုးလ် အောက်တိုဘာ ၃၀**

ရှန်ဟိုင်းမော်တော်ကားထုတ်လုပ်ရေး စက်မှုလုပ်ငန်း (အက်စ်အေအိုင်စီ)သည် တရုတ်နိုင်ငံတွင် ဆလွန်းကားအများဆုံးထုတ်လုပ်သော လုပ်ငန်းတစ်ခု ဖြစ်ပြီး တောင်ကိုရီးယား မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီနှင့် ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူရန် သဘောတူလက်မှတ် ရေးထိုးခဲ့သည်။

### ပိုင်ဆိုင်

တရုတ်နိုင်ငံ၏ ကားထုတ်လုပ်သူများသည် တောင်ကိုရီးယားကားကုမ္ပဏီ၏ အမေရိကန်ဒေါ်လာသန်း ၃၀၀ အတွက် အစုရှယ်ယာ ၄၈ဒသမ ၉ရာခိုင်နှုန်းအား ပိုင်ဆိုင်ခွင့်ရရှိမည်ဖြစ်သည်။

### လမ်းခင်းပေး

တရုတ်နိုင်ငံ၏ အကြီးမားဆုံးကားထုတ်လုပ်သူများအနေဖြင့် တောင်ကိုရီးယား ကားကုမ္ပဏီအား လွှဲပြောင်းတာဝန်ယူလိုက်ခြင်းသည် ကမ္ဘာ၌ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနေသော ကားဈေးကွက်အတွင်းသို့ တောင်ကိုရီးယား ကားကုမ္ပဏီအနေဖြင့် ချင်းနင်းဝင်ရောက်ရန် လမ်းခင်းပေး လိုက်ခြင်းဖြစ်လိမ့်မည်ဟု မျှော်လင့်ရကြောင်း လေ့လာဆန်းစစ်သူများက ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**



### လက်ပြနှုတ်ဆက်

**ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တော်ဝင်နန်းတော်၌ အောက်တိုဘာ၃၀ရက်က နန်း တက်ပွဲကျင်းပရာတွင် ကမ္ဘောဒီးယားဘုရင်သစ် ပရယ်ကာရိနာပရယ်ဘတ်ဆမ်ဒက်ပရယ်ဘိုရှန်နစ်နိုရိုဒွန်ဆီက ထောင်ပေါင်းများစွာသော ပြည်သူများအား လက်ပြနှုတ်ဆက်နေစဉ်။** (ဓာတ်ပုံ–အင်တာနက်)

### ဘုရားဖူးလာရောက်

**ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ၁၅ရာစုက ရှေးဟောင်းယဉ်ကျေးမှုကင်းချ်သိန်း ဘုရားကျောင်း၌ ဗီယက်နမ်အမျိုးသမီးများရိုးရာဝတ်စုံဝတ်ဆင်လျက် ဘုရားဖူးလာရောက်ကြသည်ကို အောက်တိုဘာ၂၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)



## အင်ဒိုနီးရှား ဆက်သွယ်ရေးကုမ္ပဏီ ပထမကိုးလတွင် အမြတ်ဝင်ငွေတိုးတက်

**ဂျကာတာ အောက်တိုဘာ ၃၁**

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီဖြစ်သည့် ပီတီ တယ်လ် ကွန်ကုမ္ပဏီသည် ၂၀၀၄ခုနှစ် ပထမ ကိုးလတွင် အသားတင်အမြတ် ၁၃ဒသမ၉ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သောကြာနေ့က ကြေညာသည်။

အဆိုပါ ကုမ္ပဏီသည် ယခင်နှစ်အလားတူကာလက အမြတ်ငွေအမေရိကန်ဒေါ်လာသန်း၄၅၀ရှိရာမှ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာ သန်း ၅၅၇ ဒသမ ၈ရာခိုင်နှုန်းရှိခဲ့ကြောင်း တယ်လ်ကွန် ဥက္ကဋ္ဌ ကရစစ္စတီယိုနိုက ပြောကြားသည်။

စုစုပေါင်းအခွန်ငွေသည် ရူပီးငွေ ၂၅ ဒသမ ၀၂ ထရီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈ ဘီလီယံ)ရှိကာ ၂၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အဓိကအားဖြင့် ဆဲလ်လူလာနှင့် ပုံသေလိုင်းများမှ အခွန်ကောက်ခံရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တယ်လ်ကွန်သည် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး ဆဲလ်လူလာဖုန်း–အော်ပရေတာ ပီတီတယ်လ်ကွန်ဆဲလ်တွင် ၆၅ ရာခိုင်နှုန်း ပိုင်ဆိုင်ထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ကျဆင်းလာမှု စီးပွားရေးပြန်လည်ကောင်းမွန်မှုကို ပြသနေခြင်းဖြစ်

တိုကျို အောက်တိုဘာ ၃၁

**ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် စက်တင်ဘာလတွင် ၄ဒသမ ၆ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေး၏အလုပ်အကိုင်ဈေးကွက် ပြန်လည်ကောင်းမွန်လာသည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဂျပန်အစိုးရက သောကြာနေ့၌ ပြောကြားလိုက်သည်။**

အဆိုပါ အလုပ်လက်မဲ့ ကျဆင်းနှုန်းသည် ဒေါ်ဂျုံးနှင့် နစ်ကီးသတင်းဌာနများက စီးပွားရေးကြိုတင်ခန့်မှန်းချက်ထက် ပို၍ကျဆင်းခဲ့ကြောင်း၊ ၎င်းသတင်းဌာနများက ၄ဒသမ၈ ရာခိုင်နှုန်း ဩဂုတ်လ၌ ခန့်မှန်းခဲ့ကြောင်း သိရသည်။

### ကျဆင်း

ဂျပန်အလုပ်လက်မဲ့နှုန်းသည် ပို့ကုန်နှင့် သွင်းကုန်များ ပြန်လည်အားကောင်းလာမှုကြောင့် မကြာသေးသည့်လများက တဖြည်းဖြည်းချင်း အလုပ်လက်မဲ့နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ဂျပန် ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြောကြားရာတွင် အလုပ်လက်မဲ့နှုန်း ၁၆လ ဆက်တိုက် ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

### တိုးတက်

ယခုနှစ်အစောပိုင်းက အမျိုးသမီး အလုပ်သမား ၂၆ ဒသမ၅၀သန်းရှိရာမှ ၃၁၀၀၀၀တိုးတက်ခဲ့ကြောင်း၊ အမျိုးသားအလုပ်သမား ၃၇ ဒသမ ၁၉သန်းရှိရာမှ ၇၀၀၀၀ တိုးတက်ခဲ့ကြောင်း တရားဝင် သတင်းတစ်ရပ် ထုတ်ပြန်ချက်အရ သိရသည်။

### ကမ်းလှမ်း

အလုပ်သမားဝန်ကြီးဌာန၏ သီးခြားစီ လေ့လာချက်များက ဖော်ပြရာတွင် အလုပ်အကိုင်ကမ်းလှမ်းသူနှင့် အလုပ်ရှာသူများ၏ အချိုးသည် အလုပ်သမားလိုအပ်ချက်ကို ပြနေကြောင်း၊ ဩဂုတ်လတွင် ၀ ဒသမ ၈၃မှ စက်တင်ဘာလတွင် ၀ဒသမ ၈၄ရှိခဲ့မှုကြောင့် စက်တင်ဘာလတွင် အလုပ်သမား ၁၀၀လျှင် ၈၄ဦးအား အလုပ်အကိုင်များ ကမ်းလှမ်းလာခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊အေပီ**

# ရာမာဒီ၌ ကန်တပ်ဖွဲ့နှင့် အီရတ်ခုခံရေးသမားများ တိုက်ပွဲဖြစ်ပွား
# အမေရိကန် ဟမ်းဗီးစစ်ယာဉ်တစ်စီး မီးလောင်ပျက်စီး

ရာမာဒီ အောက်တိုဘာ ၃၁

**ဘဂ္ဂဒက်အနောက်ဘက်တွင်ရှိသော ရာမာဒီမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ယမန်နေ့က တိုက်ပွဲဖြစ်ပွားရာ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှု ပြင်းထန်စွာ ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက်နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**



**ရာမာဒီမြို့တွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ပြည်ပတိုက်ခိုက်ရေးသမားများကို ရှာဖွေရန် ရာမာဒီမြို့အနီးပတ်ဝန်းကျင်နယ်မြေအချို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆင်မှုများပြုလုပ်သလိုပင် ရာမာဒီမြို့တွင်းသို့လည်း ဝင်ရောက်ရှာဖွေစီးနင်းစဉ် ထိုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

### မီးလောင်

ထိုသို့တိုက်ခိုက်မှုဖြစ်ပွားစဉ် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန် ဟမ်းဗီးစစ်ယာဉ်တစ်စီး မီးလောင်သွားကြောင်း အဆိုပါမီးလောင်သွားသော ဟမ်းဗီးယာဉ်အတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များရှိနေကြောင်း ဒေသခံတစ်ဦးက ဆင်ဟွာသို့ပြောကြားသည်။

### တိုက်ခိုက်မှုပြင်းထန်

ထို့အပြင် ရာမာဒီမြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကိုလည်း အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ဒုံးကျည်သုံးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ဘဂ္ဂဒက်မြို့အနောက်ဘက်တွင်ရှိသော ရာမာဒီမြို့သည်ဖော်လူဂျာနှင့် အန်ဘာပြည်နယ်ကဲ့သို့ပင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုပြင်းထန်သည့် နေရာတစ်ခုဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## အောက်တိုဘာ ၃၁ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၂၀ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၁

**အီရတ်နိုင်ငံအားအမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။**

ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

အောက်တိုဘာ ၃၁ရက် တနင်္ဂနွေနေ့၌ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၂၀ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၄၈ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၇၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၉ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၉၈၂ဦးဖြစ်ပြီး ယင်းအနက် ၇၃၉ဦးမှာ တိုက်ပွဲ၌ သေဆုံး၍ ၂၄၃ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## ဘဂ္ဂဒက်၌ အီရတ်သံတမန်တစ်ဦး အသတ်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

**အီရတ်နိုင်ငံ အက်ဇာမီယာဒေသတွင် အီရတ်သံတမန်တစ်ဦး လုပ်ကြံသတ်ဖြတ်ခြင်းခံရကြောင်း အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးအုပ်စု တစ်ခုမှ ပြောကြားချက်ကို အယ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်ခဲ့သည်။**

အဆိုပါ အီရတ်သံတမန်ကို လူလေးဦးပါရှိသော လက်နက်ကိုင် တိုက်ခိုက်ရေးသမားအဖွဲ့တစ်ဖွဲ့က ဓားစာခံအဖြစ်ဖမ်းဆီးရန် ကြိုးစားခဲ့ကြကြောင်း၊ အီရတ်သံတမန်ဖြစ်သူ ကူဆေးမက်ဒီကလည်း ပြန်လည်ခုခံတိုက်ခိုက်ခဲ့ကြောင်း၊ ထို့နောက် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက သူ့အား ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း အယ်ဂျာဇီရာ ရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။

### ထမ်းဆောင်

သေဆုံးသွားသည့် အီရတ်သံတမန် ကူဆေးမက်ဒီသည် ပြီးခဲ့သည့် ၂၀၀၃ခုနှစ် ဇွန်လမှ ယခုနှစ် ပြီးခဲ့သည့်လတိုင်အောင် အာရပ်စော်ဘွားများနိုင်ငံတွင် အီရတ်နိုင်ငံ၏ နိုင်ငံခြားရေးတာဝန်များကို သွားရောက်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။ သူ၏မိသားစုများမှာ ယခုတိုင် အာရပ်စော်ဘွားများနိုင်ငံတွင် နေထိုင်လျက်ရှိပြီး ၎င်းသေဆုံးသည့်သတင်းကို ကြားသိရချင်း အီရတ်နိုင်ငံ ပြန်သွားပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

## ဘာကူဘာမြို့အနီး ကန်စစ်ယာဉ်တန်း မိုင်းခွဲတိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

ဘာကူဘာ အောက်တိုဘာ ၃၁

**အီရတ်နိုင်ငံ အနောက်မြောက်ဘက်ရှိ ဘာလာ့ဒ်မြို့အနီးတွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု ကင်းလှည့်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။**

ဘဂ္ဂဒက်အနောက်မြောက်ဘက်ရှိ ဘာလာ့ဒ်မြို့အနီး ကျေးရွာတစ်ရွာအနီးကို အမေရိကန်စစ်ယာဉ်တန်း ဖြတ်သန်းစဉ် ကြာသပတေးနေ့က လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှု ဖြစ်ပွားသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားခဲ့သည်။

### အပြန်အလှန်ပစ်ခတ်

ထိုသို့ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ၎င်းနေရာအနီးတစ်ဝိုက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ အီရတ်ပြည်သူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

### စိုးရိမ်ဖွယ်

ယခုအခါ အမေရိကန်တို့ ကျောထောက်နောက်ခံပြုထားသည့် အီရတ်ကြားဖြတ်အစိုးရနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များကိုလည်း ဗုံးခွဲတိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်လာလျက်ရှိရာ ထိခိုက်သေဆုံးမှုအရေအတွက်မှာ တိုးတက်များပြားလာလျက်ရှိသည်။ အီရတ်ရှိ ရေနံအဆောက်အအုံများအပါအဝင် အီရတ်ရဲစခန်းများကိုလည်း ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်လာလျက်ရှိရာ လာမည့်ဇန်နဝါရီလတွင်ပြုလုပ်မည့် ရွေးကောက်ပွဲအတွက် လုံခြုံရေးအခြေအနေ စိုးရိမ်ဖွယ်ဖြစ်နေရကြောင်း အီရတ်ပြည်သူတို့က ပြောကြားလျက်ရှိသည်။ **(အင်တာနက်)**

## အမေရိကန် အဲယားဝေး ဒေါ်လာ ၂၃၂ သန်း အရှုံးပေါ်

ဝါရှင်တန် အောက်တိုဘာ ၃၁

**အမေရိကန်ပြည်ထောင်စု၏ သတ္တမမြောက် အကြီးမားဆုံး လေကြောင်းလိုင်းဖြစ်သည့် အမေရိကန် အဲယားဝေးသည် ယခုနှစ် လေးပုံသုံးပုံကာလတွင် အမေရိကန်ဒေါ်လာ ၂၃၂သန်းဆုံးရှုံးခဲ့ရာ ပြီးခဲ့သည့်နှစ်ကထက် နှစ်ဆကျော်ရှိခဲ့ကြောင်း သိရသည်။**

**ယခုနှစ် ဇူလိုင်မှ စက်တင်ဘာအထိ သုံးလတာကာလ ဆုံးရှုံးမှုသည် ပြီးခဲ့သည့်နှစ် အဆိုပါကာလ၌ အမေရိကန်ဒေါ်လာ သန်း၉၀ ဆုံးရှုံးခဲ့သည်ထက် ပိုမိုများပြားကြောင်း ယခုနှစ်တစ်နှစ်လုံးအနေဖြင့် အမေရိကန် လေကြောင်းလိုင်းသည် ဒေါ်လာ ၃၇၅သန်း ဆုံးရှုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။**

**အမေရိကန် အဲယားဝေး ယခုကဲ့သို့ ဆုံးရှုံးမှုပမာဏကြီးမားခြင်းသည် လောင်စာဆီဈေးနှုန်းကြီးမြင့်ခြင်းကြောင့်လည်း ဖြစ်သည်။ လောင်စာဆီဈေးနှုန်းသည် ပြီးခဲ့သည့်လေးလပတ်က တစ်ဂါလန် ၁ ဒသမ ၁၂ ဒေါ်လာရှိခဲ့ရာ တစ်ဂါလန် ၂၉ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။** အမ်အင်အေ၊ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ် ဓားစာခံအား ပြန်လွှတ်ပေးရေး မေတ္တာရပ်ခံ

ဒါကာ အောက်တိုဘာ ၃၁

**ဘင်္ဂလားဒေ့ရှ်အစိုးရသည် အီရတ်၌ ဓားစာခံအဖြစ် ပြန်ပေးဆွဲ ခံခဲ့ရသော ၎င်း၏နိုင်ငံသားကို ချက်ချင်းလွှတ်ပေးရန် အီရတ်ရှိ ပြန်ပေးဆွဲသူများအား သောကြာနေ့က မေတ္တာရပ်ခံလိုက်ကြောင်း ဒေးလီးစတားသတင်းစာက စနေနေ့တွင် ဖော်ပြသည်။**

ဘင်္ဂလားဒေ့ရှ်မှ ယာဉ်မောင်းတစ်ဦးနှင့် ကူဝိတ်ကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်နေသော အခြားသီရိလင်္ကာနိုင်ငံသားတစ်ဦးကို ပြန်ပေးဆွဲခဲ့သည်ဟု အီရတ်ရှိလက်နက်ကိုင် ပြောက်ကျားများက ကြေညာခဲ့ပြီးနောက် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး အမ်မော်ရှီခန်က ယင်းသို့ မေတ္တာရပ်ခံခဲ့ခြင်း ဖြစ်သည်။

၎င်းတို့သည် အီရတ်ရှိ အမေရိကန်အခြေစိုက်စခန်းရှိရာသို့ ထရပ်ကားများဖြင့် သွားရောက်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ပြန်ပေးဆွဲ ခဲ့ခြင်းဖြစ်ကြောင်း လက်နက်ကိုင်ခုခံရေးသမားများက ကြေညာချက်တစ်စောင် ထုတ်ပြန်သည်ဟု အယ်လ်ဂျာဇီရာရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။ ဘင်္ဂလားဒေ့ရှ်သည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မည်သည့်ဆန့်ကျင်မှုမျှ ပါဝင်ပတ်သက်ခြင်း မရှိကြောင်း၊ဘင်္ဂလားဒေ့ရှ်ယာဉ်မောင်းအား လွှတ်ပေးရန် သန်း ၁၄၀ သော ပြည်သူများ၏ ကိုယ်စား မေတ္တာရပ်ခံကြောင်း၊အီရတ်သို့၎င်းသွားရောက်ခဲ့ခြင်းမှာ ၎င်း၏ အသက်မွေးဝမ်းကျောင်းအတွက်သာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ပုဂ္ဂလိက သတင်းဌာနဖြစ်သည့် ယူနိုက်တက်နယူးအေ့ဖ်ဘင်္ဂလားဒေ့ရှ်က ကိုးကားဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**မိုဆူးလ်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းအား ကားဗုံးခွဲတိုက်ခိုက်ပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်တစ်စီးကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်အနောက်ဘက်၌ တိုက်ပွဲဖြစ်ပွား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

**ဘဂ္ဂဒက်မြို့အနောက်ဘက်တွင် စနေနေ့က တိုက်ပွဲများဖြစ်ပွားခဲ့ရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး၊ ဘဂ္ဂဒက်ရှိ အာရပ်ရုပ်မြင်သံကြားဗျူရိုအား ကားဗုံးခွဲ၍ တိုက်ခိုက်ရာ၌ အနည်းဆုံး လူခုနစ်ဦးသေဆုံးခဲ့သည်။ အီရတ်တပ်ဖွဲ့များက အရပ်သားယာဉ်များအား မဆင်မခြင် ပစ်ခတ်သဖြင့်လည်း အနည်းဆုံး လူ ၁၄ဦးသေဆုံးကြောင်း ဆေးရုံအရာရှိများက ပြောကြားသည်။**

လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများ သိမ်းပိုက်ထားသည့် ဖော်လူဂျာမြို့အပါအဝင် မြို့တော်၏မြောက်ဘက် အန်ဘာပြည်နယ်၏ တိုက်ပွဲများကြောင့်လည်း မရိန်းတပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိခဲ့သည်။ မည်သည့်နေရာတွင် ဖြစ်ပွား၍ သေဆုံးရသည်ကို ကြေညာချက်တွင် ဖော်ပြခြင်းမရှိပေ။

ပစ်ခတ်ရာ မရိန်းတပ်ဖွဲ့များကလည်း အမြောက်ကြီးများဖြင့် ပြန်လှန်ပစ်ခတ်ခဲ့သည်။ ညနေ ၄နာရီခန့်တွင် စစ်လေယာဉ်တစ်စင်းက ဖော်လူဂျာမြို့တွင်းရှိ အမြောက်ပစ်သည့်နေရာသို့ ဗုံးကြဲချခဲ့ပြီး စက်သေနတ်များဖြင့် လေယာဉ်ပေါ်မှ ပစ်ခတ်ခဲ့ကြောင်း မရိန်းပြောရေး ဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

**ဖြစ်ပွား**

အီရတ်နိုင်ငံအရှေ့တောင်ပိုင်းရှိ ရှုဟာဒါ အနီးနှင့် နူအီမီယာကျေးရွာတွင်းသို့ အမေရိကန် စစ်ယာဉ်တန်းဝင်ရောက်ခဲ့သကဲ့သို့ ဖော်လူဂျာမြို့တွင်လည်း တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုများနှင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် မီးခိုးလုံးများကို ကောင်းကင်တွင် တွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ လက်နက်ကိုင်ပြောက်ကျားများက ဖော်လူဂျာမြို့တွင်းမှ အမြောက်ကြီးများဖြင့်

**တိုက်ခိုက်**

ဘဂ္ဂဒက်တွင် အယ်လ်အရာဘီယာ ရုပ်မြင်သံကြားဌာနအား ကားဗုံးဖောက်ခွဲ တိုက်ခိုက်သဖြင့် လူခုနစ်ဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့နှင့်ဆေးရုံးမှအရာရှိများက ပြောကြားသည်။ ရုံးအဆောက်အအုံ၏ ပထမထပ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ချိန်၌ အမှုထမ်းများမှာ အစည်းအဝေးကျင်းပနေချိန်ဖြစ်ကြောင်း အမ်ဘီစီ သတင်းထောက် ဆတ်အယ်လ်ဟူစိန်နီက ပြောကြားသည်။ **(အင်တာနက်)**



မိုဆူးလ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များအတွက် ရိက္ခာများ သယ်ဆောင်လာသော ကုန်တင်ယာဉ်တန်းအား ခုခံရေးသမားတို့က တိုက်ခိုက်ခဲ့ရာ ယာဉ်များ မီးလောင်နေသည်ကို အောက်တိုဘာ ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

**မြန်မာ့အလင်း**

**နိုင်ငံတကာသတင်းများ**

# ဘဂ္ဂဒက်မြို့တော်တောင်ဘက်၌ အီရတ်တပ်ဖွဲ့ဝင် ၁၁ဦး အသတ်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

ဘဂ္ဂဒက်မြို့တော်တောင်ဘက်တွင် အီရတ်အမျိုးသား လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ဦးကို သတ်ဖြတ်ခဲ့ကြောင်း အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေး အုပ်စုတစ်ခုက ပြောကြားချက်ကို ၎င်းတို့၏ ဝက်ဘ်ဆိုက် ပေါ်တွင် ကြာသပတေးနေ့က ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

**တိုက်ခိုက်**

အဆိုပါ လက်နက်ကိုင်အုပ်စုမှာ အင်ဆာအယ်ဆမ်နာ တိုက်ခိုက်ရေး အုပ်စုတစ်ခုဖြစ်ကြောင်း၊ အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ဦးကို သတ်ဖြတ်ခဲ့ခြင်းမှာ ယင်းအုပ်စုမှ ဖြစ်ကြောင်းလည်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အီရတ်အမျိုးသား လုံခြုံရေး တပ်ဖွဲ့ဝင် တစ်ဦးကို ခေါင်းဖြတ်သတ်ပစ်ခဲ့ပြီး ကျန် ၁၀ဦးကို ၎င်းအဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်းဖြင့်လည်းဖော်ပြခဲ့သည်။ ထို့ပြင် သတ်ပစ်ခဲ့သော အီရတ် အမျိုးသားလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလောင်း ၁၁လောင်း ရုပ်ပုံကိုလည်း ထုတ်လွှင့်ပြသခဲ့သည်။

ယင်းလက်နက်ကိုင် တိုက်ခိုက်ရေးအုပ်စု၏ ခေါင်းဆောင် ဖြစ်သူတစ်ဦးက အီရတ်တပ်ဖွဲ့နှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ လက်နက်ချပြီး အိမ်ပြန်ကြရန် သို့မဟုတ်ပါက သေဆုံးခြင်းနှင့် ရင်ဆိုင် ကြုံတွေ့ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဖော်ပြ**

အဆိုပါ လက်နက်ကိုင်အုပ်စုသည် ၎င်းတို့အဖွဲ့၏အမည်စာတန်းပါ အလံတစ်ခုအောက်တွင် တူညီဝတ်စုံများဝတ်ဆင်ကာ ထိုင်ပြီးရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံကိုလည်း ဝက်ဘ်ဆိုက်ပေါ်၌ ထုတ်လွှင့်ဖော်ပြခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်အနီးသို့ ရွှေ့ပြောင်းလာသည့် ဗြိတိသျှတပ်ဖွဲ့ စစ်ယာဉ်တိမ်းမှောက်ပြီး တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

လန်ဒန် အောက်တိုဘာ ၃၁

**အီရတ်နိုင်ငံတောင်ပိုင်းမှ အနွှ ရာယ်ပိုမိုများသည့် ဘဂ္ဂဒက်မြို့အနီး စစ်အခြေစိုက်စခန်းသစ်သို့ ဗုဒ္ဓဟူးနေ့က ပြောင်းရွှေ့လာခဲ့သည့် ဗြိတိသျှတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။**

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ စစ်ယာဉ်တန်းသည် အီရတ်နိုင်ငံ ဘာဘယ်ပြည်နယ်တွင် ဗြိတိသျှတပ်ဖွဲ့မှစစ်ယာဉ်တစ်စီးမတော်တဆဖြစ်ပြီး တိမ်းမှောက်သွားခဲ့ကြောင်း၊ အဆိုပါ မတော်တဆ တိမ်းမှောက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**အီရတ်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် ဆန္ဒပြတောင်းဆိုနေသူများအား အီတလီနိုင်ငံ ရောမမြို့တွင် အောက်တိုဘာ၃၀ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ယင်းကဲ့သို့ ဗြိတိသျှစစ်ယာဉ်တစ်စီး တိမ်းမှောက်မှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ပြီး အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် မဟုတ်ကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

ဖော်လူဂျာမြို့ အပါအဝင် အခြားခုခံတိုက်ခိုက်မှုများဖြစ်ပွားနေသော နယ်မြေများကို အမေရိကန် တပ်ဖွဲ့ဝင်များ ကျယ်ကျယ်ပြန့်ပြန့် စစ်ဆင်ရေးဆောင်ရွက်နိုင်ရန် အမေရိကန်တို့ တောင်းဆိုချက်တစ်ရပ်အရ အီရတ်နိုင်ငံတောင်ဘက် နယ်မြေတစ်စိတ်တစ်ဒေသမှ ဘဂ္ဂဒက်ဝန်းကျင်သို့ ပြောင်းရွှေ့ရောက်ရှိလာသော ဗြိတိသျှတပ်ဖွဲ့ဝင် ၈၅၀ ခန့်အနက် ယခုသေဆုံးသည့် တပ်ဖွဲ့ဝင်သည် ပထမဆုံး ဖြစ်သည်။

ဘဂ္ဂဒက်မြို့ တောင်ဘက် ၁၅ မိုင်ခန့်အကွာရှိ ဒေါ့ဂဒ်စစ်အခြေစိုက်စခန်းသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ ပထမအသုတ် ရောက်ခဲ့ပြီဖြစ်ကြောင်း စကိုင်းနယူးရုပ်မြင်သံကြားသတင်းဌာနက သတင်းထုတ်ပြန်သည်။

**ဖြန့်ချထား**

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၉၀၀၀ခန့်ဖြန့်ချထားရာ အီရတ်ကို စတင်ကျူးကျော်ခဲ့ချိန်မှ စတင်ကာ ယခုအချိန်အထိ ဗြိတိသျှတပ်ဖွဲ့ဝင် ၆၈ဦး သေဆုံးခဲ့ရပြီဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ဘဂ္ဂဒက်၌ ကန်စစ်ယာဉ်တန်း ကားဗုံးခွဲတိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

**အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကြာသပတေးနေ့က အမေရိကန်စစ်ယာဉ်တစ်စီးကို ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ လမ်းမကြီးတစ်ခုပေါ်တွင် အမေရိကန်စစ်ယာဉ်တစ်စီး ကြာသပတေးနေ့ နံနက်ပိုင်း၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုခံရကြောင်း၊ အီရတ်ခုခံတိုက်ခိုက်ရေးသမားများက ကားဗုံးကိုဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

**သေဆုံး**

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်ခြင်းကြောင့် အီရတ်ပြည်သူနှစ်ဦးလည်း သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန်ဟမ်းဗီးစစ်ယာဉ်တစ်စီး တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ခဲ့ကြောင်း၊ စစ်ယာဉ်ပေါ်တွင်ပါရှိလာသော အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့ အရာရှိတစ်ဦးဖြစ်သူ အာမက်က ပြောကြားသည်။

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှစတင်ကာ အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများအတွက် လမ်းဘေးထောင်ချောက်ဗုံးများနှင့် ကားဗုံးခွဲ တိုက်ခိုက်ခြင်းများသည် အများဆုံးလုပ်ဆောင်သော တိုက်ခိုက်မှုများ ဖြစ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဂျပန်ဓားစာခံအသတ်ခံရ

တိုကျို အောက်တိုဘာ ၃၀

**အီရတ်နိုင်ငံတွင် လက်နက်ကိုင်တိုက်ခိုက်ရေးအဖွဲ့တစ်ခုက ဓားစာခံအဖြစ်ဖမ်းဆီးထားသော ဂျပန်အမျိုးသားတစ်ဦးသည် အသတ်ခံခဲ့ရပြီဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။**

**အီရတ်မှ ဂျပန်တပ်ဖွဲ့ဝင်များ မရုပ်သိမ်းလျှင် ဂျပန်ဓားစာခံဖြစ်သည့် အသက် (၂၄)နှစ်အရွယ်ရှိ ရှိုစီကိုဒါအား ၄၈နာရီအတွင်း ခေါင်းဖြတ်သတ်ပစ်မည်ဟု ပြန်ပေးဆွဲထားသည့် လက်နက်ကိုင်တိုက်ခိုက်ရေးအုပ်စုက ဗုဒ္ဓဟူးနေ့၌ အင်တာနက်ပေါ်တွင် ဖော်ပြခဲ့သည်။**

**တီကရစ်မြို့အနီးတွင် အသတ်ခံထားရသောအလောင်းတစ်လောင်းကို ကြာသပတေးနေ့ နံနက်စောစောက တွေ့ရှိခဲ့သော်လည်း ဂျပန်ဓားစာခံ မဟုတ်ကြောင်း သိရသည်။**

အမ်အင်အေ၊ဆင်ဟွာ





# မိုးကောင်းအရိယာဓမ္မာရုံသို့ အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် အရိယာဓမ္မာရုံကြီးအတွင်း၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားရှင်၏ပလ္လင်တော်အား ရွှေသင်္ကန်းကပ်လှူရန်အတွက် အမှတ်၁(က) ကံ့ကော်မြိုင်လမ်း ပါရမီရိပ်သာ ရန်ကင်းမြို့နယ်နေ ဦးတင်အေး–ဒေါ်သိန်းလှိုင် သားသမီးတစ်စုတို့က အလှူတော်ငွေကျပ် ၈၀၀၀၀၊ တရားဟောဓမ္မာသနပလ္လင် ရွှေသင်္ကန်းကပ်လှူရန်အတွက် အမှတ် ၁၂၁/ဘီ သစ်ရာပင်လမ်းသွယ် ၃ သုဝဏ္ဏမြို့နယ်နေ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဦးရဲအောင်–ဒေါ်အေးအေးနိုင်၊ သား မောင်ကောင်းတေဇာနိုင် မိသားစုက အလှူတော်ငွေကျပ် ၄၀၀၀၀၀၊ တရားနာပရိသတ်မှ ဓမ္မကထိကဆရာတော်ကြီးများအား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်၊ နဝကမ္မဝတ္ထု လှူဒါန်းမှုအစုစုတို့ကို သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲ၂နာရီတွင် မဟာစည်သာသနာ့ရိပ်သာ နာယကဆရာတော် ပြည်တွင်းပြည်ပ သာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇဋိလက ရေစက်သွန်းချတရားတော်များ ဟောကြားကြောင်း သိရသည်။ **(က–ပ)**

# မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ လက်ထောက်စစ်ထောက်ချုပ် ဒုတိယဗိုလ်မှူးကြီးအောင်သူ၊ အမှတ်(၁)တပ်ထိန်း တပ်ခွဲတပ်မှူး ဗိုလ်မှူးဝင်းမြင့်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဘော်ထင်၊ ဗိုလ်ကြီးတင်အောင်၊ ဦးဇော်ဝင်းရွှေ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည် စစ်ဆေး ကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

**စစ်ဆေး**

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယမန်နေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ–မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**



# ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းအား ဂျပန်သံအမတ်ကြီးလာရောက်တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၁**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းအား ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဌေး၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ရုံးအဖွဲ့မှူး ဦးမောင်ပီနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကံထူးရှင်ရွေးချယ်

**ရန်ကုန် နိုဝင်ဘာ ၁**

အကြိမ်(၁၉၀)မြောက် ကျပ်၅၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း (၃၀၀) အထူးဆု**

ဆ–၅၂၇၁၅၅

**ကျပ်သိန်း (၅၀) ဆုများ**

| | |
|---|---|
| ဒ–၂၂၂၉၉၁ | ဆ–၉၁၁၀၆၂ |
| ဍ–၂၉၆၉၃၆ | ကခ–၉၉၄၃၀၀ |
| ပ–၇၂၂၅၁၉ | လ–၂၃၃၉၂၄ |
| ဆ–၁၉၉၆၁၆ | လ–၆၉၄၅၁၈ |
| ယ–၄၃၂၈၇၃ | ရ–၇၄၈၁၈၅ |

**ကျပ် (၂၅) သိန်းဆုများ**

| | |
|---|---|
| ဏ–၂၂၈၁၉၃ | ရ–၉၄၇၃၁၅ |
| တ–၂၈၆၅၇၀ | ကခ–၇၇၄၉၆၀ |
| ထ–၃၉၂၁၈၃ | မ–၆၉၄၉၁၇ |
| ခ–၃၂၉၂၇၅ | ဘ–၉၀၁၄၁၀ |
| ရ–၃၉၆၂၅၆ | လ–၉၆၁၉၇၀ |
| ပ–၅၁၈၀၂၃ | ည–၉၄၁၄၅၃ |

**ကျပ်သိန်း (၅၀) (မင်္ဂလာစုံတွဲ)**

| | |
|---|---|
| ဒ–၉၂၂၉၃၄ | မ–၄၄၁၈၅၉ |
| ကက–၇၂၅၀၆၀ | ဍ–၄၃၈၉၉၂ |
| န–၇၅၃၅၄၄ | ဝ–၁၈၇၄၉၄ |
| ဘ–၉၀၉၂၀၇ | ဖ–၅၂၅၂၅၄ |
| ဖ–၉၆၄၂၅၁ | တ–၈၁၇၂၃၀ |
| သ–၂၄၄၉၆၄ | သ–၁၅၁၃၇၃ |
| စ–၉၃၂၈၅၇ | ခ–၄၇၉၇၅၉ |
| ဍ–၂၅၁၆၈၇ | ဝ–၇၂၉၃၈၈ |
| အ–၁၅၀၃၃၈ | ဏ–၄၆၄၉၅၆ |

ဒ–၁၀၇၄၇၅

**(သတင်းစဉ်)**



# နှင်းဆီကုန်းဘိုးဘွားရိပ်သာ (၅၄)ကြိမ်မြောက်ဘိုးဘွားနေ့ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ (၅၄)ကြိမ်မြောက် ဘိုးဘွားနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်၉နာရီက သီရိရတနာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အောက်တိုဘာ ၅ရက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးအဖြစ် ဂုဏ်ပြုခြင်းခံရသူ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်ကို လည်းကောင်း၊ ကျန်းမာရေးလိုအပ်ချက်အရပ်ရပ်ကို စေတနာထားဆောင်ရွက်ပေးသူ ပါမောက္ခ သမားတော်ကြီး ဒေါက်တာ ဦးအောင်သန်းဘတူနှင့် အထူးကုဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးဆရာကြီးများကို လည်းကောင်း ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သည်။

ယင်းနောက် အမှုဆောင်အဖွဲ့ဝင်များက ဗိသုကာအင်ဂျင်နီယာများနှင့် ဘိုးဘွားရိပ်သာစာစောင်များတွင် စေတနာမေတ္တာဖြင့် စာမူရေးသားပေးသူ ထာဝရအလှူရှင် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများ၊ "ဘိုးဘိုးဘွားဘွား–အလေးထား" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲဆု ပထမဆုရ ဘိုးညွန့် **(အပေါ်ပုံ)** နှင့် ဘွားမြမြ၊ ဒုတိယဆုရ ဘိုးမောင်မောင်သန်းနှင့် တတိယဆုရ ဘိုးထွန်းတင်(၁) တို့အား လည်းကောင်း၊ အသက်အကြီးဆုံးအဘိုး ဘိုးသာဂေါင် (၁၀၄)နှစ်နှင့် အသက်အကြီးဆုံး အဘွား ဘွားအေးမေ (၁၀၃)နှစ်တို့အား လည်းကောင်း၊ ရိပ်သာရှိ ဂုဏ်ပြုထိုက်သူ ဘိုးဘွားများအားလည်းကောင်း ဂုဏ်ပြု လက်ဆောင် အသီးသီးချီးမြှင့်ပေးအပ်ကာ အခမ်းအနားကိုဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းသည်။

ဆက်လက်၍ ညနေ ၄နာရီတွင် ဗဟန်းမြို့နယ်အတွင်းရှိ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်၊ သီရိစန္ဒာကျောင်းတိုက်များမှ သံဃာတော်အပါး ၆၀နှင့် သမိဒ္ဓေါဒယသီလရှင်စာသင်တိုက်မှသီလရှင်၂၅ပါးတို့အား ဘိုးဘွားနေ့ အထိမ်းအမှတ်အဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး ညနေပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ အကပဒေသာ၊ အငြိမ့်တို့ဖြင့် ကပြဖျော်ဖြေကြသည်။ **(မြန်မာ့အလင်း)**

# လယ်ယာ/ဆည်မြောင်းဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင် အထွက်ကောင်းစပါးမျိုးများကွင်းဆင်းကြည့်ရှု

**ရန်ကုန် နိုဝင်ဘာ ၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စပါးပညာရှင်များနှင့်အတူ အောက်တိုဘာ ၂၄ရက်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနသို့ရောက်ရှိပြီး သုတေသနပြု စိုက်ပျိုးထားသော စပါးစိုက်ခင်းများအား လှည့်လည်ကြည့်ရှုပြီးမျိုးစေ့ဘဏ်အတွင်း ထိန်းသိမ်းထားသော စပါးမျိုးစေ့များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ပြီး တက်ရောက်လာကြသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

**မြေဩဇာထုတ်လုပ်မှု**

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၂၅ ရက်တွင် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနရှိ ဇီဝစုပါရွက်ဖျန်းမြေဩဇာစက်ရုံမှ မြေဩဇာ ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။ဆက်လက်၍ ပျဉ်းမနားမြို့နယ် သစ်တပ်ကျေးရွာနှင့် ရေဆင်းကျေးရွာတွင်လည်းကောင်း၊ မိတ္ထီလာမြို့နယ် ကန်သာရွာတွင် လည်းကောင်း၊ ဝမ်းတွင်းမြို့နယ် ကျားသေကန်ကျေးရွာတွင် လည်းကောင်း၊ သာစည်မြို့နယ် ဘိုကုန်းနှင့် မင်းလှကျေးရွာတွင်လည်းကောင်း၊ ရမည်းသင်းမြို့နယ် စီပင်ခြံ၌ ရေဆင်း (၂) စပ်မျိုးစပါး မျိုးပွားစိုက်ခင်းတွင် ဝတ်မှုန်ကူး မျိုးပွားခြင်းတို့အား ကြည့်ရှုအားပေးသည်။

**စပါးမျိုးပွားစိုက်ခင်း**

ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၂၆ရက်တွင် ကျောက်ဆည်မြို့နယ် တောင်နောက်ကျေးရွာ၌ ဧရာမင်းစပါးမျိုးပွားစိုက်ခင်းများကို လှည့်လည်ကြည့်ရှုပြီး မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စပါးစိုက်ခင်းတွင် စိုက်ပျိုးထားသော ရေဆင်း(၂) စပ်မျိုးစပါး စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်အား ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

## ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ပင့်ဆောင်၍ ကြွချီတော်မူလာသည့် ဖောင်တော်သည် ဖောင်တော်ဦးရေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဖောင်တော်ပေါ်သို့ တက်ရောက်၍ ဖောင်တော်ဦး ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

## ရွှေသင်္ကန်းကပ်လှူပူဇော်

ထို့နောက် ဖောင်တော်ဦးဘုရား ရုပ်ပွားတော် ပထမအဆူအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဦးဆောင်သောအဖွဲ့ကလည်းကောင်း၊ ရုပ်ပွားတော် ဒုတိယအဆူအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဦးဆောင်သောအဖွဲ့ကလည်းကောင်း၊ ရုပ်ပွားတော် တတိယအဆူအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ဦးဆောင်သော အဖွဲ့ကလည်းကောင်း၊ ရုပ်ပွားတော် စတုတ္ထအဆူအား အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်သက်ဦး ဦးဆောင်သောအဖွဲ့ကလည်းကောင်း ဖောင်တော်ပေါ်မှ ကျောင်းတော်ပေါ်သို့ ဝေယျာဝစ္စအသီးသီးဖြင့် ပင့်ဆောင်ကြပြီးနောက် ဖောင်တော်ဦးဘုရား ရုပ်ပွားတော်များအား ဆွမ်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် အင်းသားရိုးရာလှေပြိုင်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

## ငွေသားဆုချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယတိုင်းမှူး၏ ဇနီးက ဟဲယာရွာမ ယဉ်ကျေးမှုလှေယာဉ်အဖွဲ့နှင့် အင်းပေါ်ခုံယဉ်ကျေးမှုလှေယာဉ်အဖွဲ့တို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ တိုင်းမှူး၏ဇနီးက အမျိုးသမီး ၂၆တက် လှေပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ကေလာကျေးရွာအသင်းနှင့် ပထမဆုရရှိသော ညောင်ဝန်းကျေးရွာအသင်းတို့အား ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျောင်းသား ၂၆တက် လှေပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ကေလာကျေးရွာ(က)အသင်းနှင့် ပထမဆုရရှိသော ကေလာကျေးရွာ(ခ)အသင်းတို့အား ဆုဖလားနှင့် ငွေသားဆုများအားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမျိုးသား ၄၆တက် လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော စည်သာကျေးရွာအသင်းနှင့် မင်းကျောင်းကျေးရွာအသင်း၊ ဒုတိယဆုရရှိသော ဇရပ်ကြီးကျေးရွာအသင်းနှင့် ပထမဆုရရှိသော အိုင်ဒေါ့ကြီးကျေးရွာအသင်းတို့အား ဆုဖလားနှင့်ငွေသားဆုများကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမျိုးသားရာကျော် လှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသော ပွဲစားကုန်းကျေးရွာအသင်းနှင့် ကေလာကျေးရွာ(က)အသင်း၊ ဒုတိယဆုရရှိသော မိုင်းသောက်ကျေးရွာအသင်းနှင့် ပထမဆုရရှိသော ကေလာကျေးရွာ(ခ)အသင်းတို့အား ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဗိုလ်ချုပ်လှထွန်း တာမွေဘဏ်ခွဲအဆောက်အအုံကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေလိုက်ပါလျက် ရန်ကုန်မြို့ တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရွှေမြေလမ်းထောင့်ရှိ အသစ်တည်ဆောက်လျက်ရှိသော မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲအဆောက်အအုံ ဆောက်လုပ်ပြီးစီးနေမှုအခြေအနေများအား ယနေ့ညနေပိုင်းတွင် စစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အဆောက်အအုံနှင့်ပတ်သက်သည့် လုပ်ငန်းလိုအပ်ချက်များအား မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောက်ဖြူမှ

## အမြန်ပြီးစီးရေး

ထို့နောက် ဝန်ကြီးက သတ်မှတ်ချိန်အတွင်း တံတားလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး၊ တံတားလုပ်ငန်းပြီးစီးသည်နှင့် ပင်မတံတား အပိုင်း နိုင်လွန်ကတ္တရာ ခင်းခြင်းလုပ်ငန်းများကိုလည်း ဆက်တိုက်ဆောင်ရွက်ရန်၊ မကြာမီတံတားဖွင့်လှစ်သည့်အခါ ပြီးစီးရန်လိုအပ်မည့် လုပ်ငန်းကိစ္စရပ်များကို ယခုအချိန်မှစ၍ တစ်ပြိုင်နက်တည်း ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်တံတားပေါ်သို့ သွားရောက်၍ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းနှင့် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂)မှ အင်ဂျင်နီယာမှူး ဦးကျော်ရှိန်းတို့က ပုသိမ်ဘက်ကမ်းနှင့် ကမ်းနီဘက်ကမ်း ချဉ်းကပ်လမ်းများ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြသည်။

## မကြာမီဖွင့်လှစ်မည်

ယနေ့အထိ ပုသိမ်တံတား၏ ပုသိမ်ဘက်ကမ်းနှင့် ကမ်းနီဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီး ပင်မတံတား၏ သံကူကွန်ကရစ် ကြမ်းခင်းပြားများ တပ်ဆင်ပြီးစီးပြီဖြစ်ရာ Overlay ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်သာ ကျန်ရှိသည်။ တံတားကြီးကို မကြာမီ ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းများက နေ့ညဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စံပြကျေးရွာအုပ်စု မြသီတာရပ်ကွက် မြသိန်းတန်ကျောင်းဝင်း၌ ပရိယတ္တိစာသင်တိုက်နှင့် ကျပ်သိန်း၅၅၀ အကုန်အကျခံ နှစ်ထပ်ကျောင်းဆောင် ဓမ္မာရုံကြီးဆောက်လုပ်ရန်အတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ၂၈ရက်က ပြုလုပ်ရာ ရန်ကုန်မြို့ ဆရာပြောင် ဆေးတို့ပတ်ဆေးတိုက်ပိုင်ရှင် ဦးကျော်မင်း-ဒေါ်မြင့်မြင့်သိန်းတို့က ပထမအကြိမ် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ ရွှေတိဂုံစေတီတော်နှင့် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်တို့အားဖူးမြော်

ရန်ကုန် နိုဝင်ဘာ ၁

**ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် ပြိုင်ပွဲကျင်းပရေး၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်နှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**

## ကြည့်ရှုလေ့လာ

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် လေ့လာရေးအဖွဲ့ဝင်များသည် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်လေ့လာရေးအဖွဲ့ဝင်များသည် ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ညွှန်ကြားရေးမှူးများကကြိုဆိုကြပြီး တေးသီချင်း အသံသွင်းနေမှု၊ ဇာတ်လမ်းပမာ အသံသွင်းနေမှုတို့ကို လည်းကောင်း၊ တေးသီချင်း သီဆိုဖျော်ဖြေမှုအား ရုပ်မြင်သံကြားရိုက်ကူးနေမှုကို လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် လေ့လာရေးအဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

## ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် လေ့လာရေးအဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများလှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် မင်းဓမ္မကုန်းတော်မှ တည်းခိုဆောင်များသို့ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

# အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁**

ယခင် မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး (MEHS)နှင့် အထက(၁) ဒဂုံကျောင်းတွင် ၁၉၅၄-၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်ဆုံစည်းကြ၍ ဆရာကြီး ဆရာမကြီးများအား ၂၀၀၅ခုနှစ် ဇန်နဝါရီ ၈ ရက် (စနေနေ့)တွင် ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများသည်အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ ဦးကျော်မောင် ဖုန်း-၀၉-၅၀-၁၉၇၈၂၊ ၂၂၅၅၃၂၊ ၂၂၄၇၅၃၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀-၀၈၇၅၀၊ ၆၆၂၅၁၄၊ ဦးစိုးညီညီ ဖုန်း-၀၉၉၉- ၂၁၇၂၀၊ ၂၂၁၃၉၅၊ ဦးထူးအောင်ကြီး ဖုန်း-၀၉-၅၀-၁၄၃၉၅၊ ၀၉၈၀-၃၁၁၀၃၊ ၆၆၆၇၀၂၊ ဒေါ်ထားချို ဖုန်း-၀၉-၅၀-၀၁၆၄၆၊ ၅၃၄၇၈၀၊ ၆၆၇၈၈၈၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉-၉၉-၂၄၅၇၄၊ ၆၅၀၃၄၆၊ ဒေါ်တင်မေလွင် ဖုန်း-၀၉-၅၀-၀၆၇၅၆၊ ၅၄၅၄၅၅၊ ဒေါ်ခင်သန်းမူ ဖုန်း-၂၈၆၁၇၂၊ ၅၄၅၇၄၅ နှင့် ဒေါ်စန်းစန်း ဖုန်း-၇၂၄၀၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**



# မုတ္တမအထက မြတ်ဆရာပူဇော်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမအထက ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ယမန်နေ့ နံနက်၉နာရီက မုတ္တမအထက အားကစားခန်းမဆောင်၌ကျင်းပရာ အငြိမ်းစားယူသွားကြသည့် ကန်တော့ခံ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး ၆၆ဦး၊ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ မုတ္တမအထကမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစီအစဉ်အရ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းဦးက ရှင်းလင်းတင်ပြပြီးနောက် ဆရာကြီး ဆရာမကြီးများအား ကန်တော့ချီးဖြင့် လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြပြီး တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ဆရာကြီးဦးတင်ဦးနှင့် ဆရာမကြီးဒေါ်ကွေရိန်တို့က ဩဝါဒစကားများ ပြောကြားကြသည်။ ထို့နောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူးဦးသိန်းဝင်းက မုတ္တမအထက ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်ထံသို့ လှူဒါန်းခဲ့သောပစ္စည်းများအတွက် စာရွက်စာတမ်းများပေးအပ်ပြီး ကျောင်းသူဟောင်းတစ်ဦးက **‘ဦးခိုက်ပါတယ် မြတ်ဆရာ’**သီချင်းဖြင့် ပူဇော်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဓမ္မစေတီဆရာတော် တရားတော်များဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လအရှင်မြတ်သည် နိုဝင်ဘာ ၃ရက်တွင် တောင်ဥက္ကလာပ ဝေဇယန္တာဓမ္မာရုံ၊ ၆ရက်တွင် ဓမ္မစိန္တာလမ်း ကျောက်မြောင်း၊ ၇ရက်တွင် သမ္မာဆန္ဒရက္ခိတအသင်း လှည်းတန်း(၃)ရပ်ကွက် ကမာရွတ်၊ ၉ရက်တွင် (၁၀)ရပ်ကွက်သာကေတ၊ ၁၁ရက်တွင် ဓမ္မစေတီကျောင်းကထိန် (နံနက်၉နာရီ)၊ ၁၈ရက်နှင့် ၁၉ရက်များတွင် ဦးရွှေမှန်ဈေး စမ်းချောင်းမြို့နယ်၊ ၂၀ရက် ညနေ၄နာရီတွင် အလုံကွင်းကျောင်းနှင့် ည၇နာရီတွင် တောင်ဥက္ကလာပ မိဂဒါဓမ္မာရုံ၊ ၂၁ရက် ညနေ ၅နာရီတွင် ကြည့်မြင်တိုင် ကမ်းနားလမ်းဈေးကထိန်၊ ၂၂ရက်တွင် လှိုင်မြို့နယ် (၁)ရပ်ကွက်၊ ၂၃ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) သစ်လုပ်ငန်း ဓမ္မာရုံ၊ ၂၄ရက်နှင့် ၂၅ရက်များတွင် စမ်းချောင်းမြို့နယ် သံတံတားလမ်း၊ ၂၆ရက်နှင့် ၂၇ရက်တို့တွင် ကံမြင့်ကျောင်းတိုက် စမ်းချောင်း၊ ၂၈ရက်မှ ဒီဇင်ဘာ ၂၇ရက်အထိ ဓမ္မစေတီတရားပွဲ အောင်သိဒ္ဓိကျောင်းတိုက် အောင်ဓမ္မရိပ်သာသမိုင်း ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# အထက(၁)ပုဇွန်တောင် အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁**

(၁၁)ကြိမ်မြောက် ကျင်းပပြုလုပ်မည့် အထက(၁) ပုဇွန်တောင် ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက(၁)ပုဇွန်တောင် ကျောင်းခန်းမကြီးတွင် ကျင်းပမည်ဖြစ်သည်။

ပူဇော်ခံ ဆရာ၊ ဆရာမကြီးများ ကြွရောက်ကြရန်နှင့် ကျောင်းသားကျောင်းသူဟောင်း ငယ်ပေါင်း သူငယ်ချင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် ပစ္စည်းများကို ဦးအုန်းမြင့်၊ ဆရာမဒေါ်ကျင်ရီလေး ဖုန်း-၂၉၁၁၈၆၊ ဦးတင်ထွန်း ဖုန်း-၅၈၄၁၁၉၊ ဒေါ်ခင်စန်း ဖုန်း-၃၇၇၂၃၀၊ ဒေါ်လှစိုးကြည် ဖုန်း-၂၉၅၁၂၃၊ ဦးကြိုင်မြင့် ဖုန်း-၂၉၅၉၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

● **ရွှေဖုံးမှ**

မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ ဆက်သွယ် တူးမြောင်းဘေးဝဲ/ယာ စိုက်ခင်းများစိုက်ပျိုးရေရရှိရေး၊ ဌာနမှ ဖောက်လုပ်မည့် ရေပေးတူးမြောင်းများနှင့် တောင်သူလယ်သမားများက လယ်ကြားမြောင်းများ လုပ်ကိုင်ရေးကိစ္စများကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မတမံကို စက်ယန္တရားများဖြင့် မြေဖို့၊ မြေသိပ်၊ ရေဖျန်း၊ မြေကြိတ် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**မြေသားတမံ**

မြေသားတမံမှာ တမံအလျားပေ ၆၄၀၀၊ တမံအမြင့်ပေ ၄၀ ရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၅၀၀ ဖြစ်သည်။ ညောင်ကုန်းရေလှောင်တမံတည်ဆောက်ခြင်းဖြင့် ချောင်းကောက်ရေလှောင်တမံ၏ ပိုလျှံရေဧကပေတစ်သောင်းခန့်နှင့် ရေသွယ်မြောင်းတစ်လျှောက်ရှိ ရေဆင်းဧရိယာ ၂၄ စတုရန်းမိုင်မှ ရေဧကပေ ၉၀၀၀ ခန့်ကို မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် မိတ္ထီလာကန်သို့ ရေဖြည့်ပေးနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီး၌ တည်ဆောက်နေသော ကျောက်တံခါးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြက်မောက်တောင်ရေလှောင်တမံ ရေကူလုပ်ငန်းအဖြစ် ကျောက်တံခါးရေလှောင်တမံနှင့် တောင်ရေ ရေလှောင်တမံဆက်သွယ်တူးမြောင်းများမှ ရေကူပေးရေးစီမံကိန်းကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် မကွေးတိုင်းစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောက်တံခါးရေလှောင်တမံစီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ပင်မတမံ တည်ဆောက်မှု၊ ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှု၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှုနှင့် ရေသိုလှောင်ရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်ရေ ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိပြီး တောင်ရေ ရေလှောင်တမံမှ သိုလှောင်ရရှိသော ရေများကို ကြက်မောက်တောင် ရေလှောင်တမံသို့ ရေပေးမည့်ဆက်သွယ်တူးမြောင်းနှင့် ရေစီးဝင်မှုကိုလည်းကောင်း၊ ဆက်သွယ်တူးမြောင်းဥမင်အဝင်ပိုင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ရေဝင်မှု**

ဆက်လက်၍ ဝန်ကြီးသည် တောင်ရေ ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး ရေဝင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးအား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ခံများက တည်ဆောက် ဖွင့်လှစ်ပြီး တောင်ရေ ရေလှောင်တမံမှ ကြက်မောက်တောင်ရေလှောင်တမံသို့ ရေဝင်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် မန်ကျည်းတိုင်းကျေးရွာတွင် မိုးစပါးမျိုးသန့်စိုက်ခင်း၌ မျိုးပွားလျက်ရှိသော စပါးမျိုးများကို ကြည့်ရှုစစ်ဆေးပြီး မျိုးသန့်ပွား တောင်သူများ၊ နည်းပညာပေး စိုက်ပျိုးရေးဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများကို မှာကြား ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တိုင်းစစ်ဌာနချုပ်အားကစားသမားများအားတွေ့ဆုံ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်သူများဖြစ်ရေးကြိုးပမ်းအားထုတ်ရန်မှာကြား

ရန်ကုန် နိုဝင်ဘာ ၁

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ ၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဒိုင်းနှင့်ဖလား) တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် စက်ဘီး၊ ဂျူဒို၊ ကျွမ်းဘား၊ ပြေးခုန်ပစ်နှင့်ဘောလုံး(လူကြီး) အားကစားအသင်းများမှ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများအား တွေ့ဆုံအမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာအားကစားနည်းများအလိုက် အထောက်အကူပြု ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြသည်။

**မှာကြား**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဒိုင်းနှင့်ဖလား) တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် စက်ဘီး၊ ဂျူဒို၊ ကျွမ်းဘား၊ ပြေးခုန်ပစ်နှင့် ဘောလုံး(လူကြီး) အားကစားအသင်းများမှ အားကစားသမားများအနေဖြင့် အောင်မြင်မှုရရှိရေးအတွက် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် မဆုတ်မနစ်၊ ဖွဲလုံ့လဝီရိယရှိစွာဖြင့် အောင်ပန်းဆွတ်ခူးရရှိရေးကြိုးစားအားထုတ်ကြရန်နှင့် တိုင်းစစ်ဌာနချုပ် လက်ရွေးစင်အားကစားသမားများမှသည် တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများဖြစ်ရေး ကြိုးပမ်းအားထုတ်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီးတွင် (၁၅) ကြိမ်မြောက် ဆွမ်းဆန်တော်ကြီးကပ်လှူခြင်း၊ ခြောက်ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့နှင့် ဆီမီး ၉၀၀၀ ပူဇော်ပွဲ ကျင်းပလျက်ရှိရာ အောက်တိုဘာ ၂၇ ရက်က ဘုရားရင်ပြင်တော်တွင် ဆွမ်းတော်ကြီး ကပ်လှူပူဇော်စဉ်။ (၂၀၀)**

# ဖော်ကာ–၁၀၀ ဂျက်လေယာဉ်ရောက်ရှိ ပြည်တွင်းခရီးစဉ်ပျံသန်းပြေးဆွဲမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံသားပိုင် ပုဂ္ဂလိကလေကြောင်းကုမ္ပဏီတစ်ခုဖြစ်သည့် Air Bagan Limited ၏ မြန်မာနိုင်ငံပြည်တွင်းခရီးစဉ်များတွင် စတင်အသုံးပြုမည့် Fokker-100 Jet လေယာဉ်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာသည်။ **(အောက်ပုံ)**

ယင်း Fokker-100 Jet လေယာဉ်သည် ခရီးသည် ၁၀၈ ဦး တင်ဆောင်နိုင်ပြီး Air Bagan Limited က လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရန်အတွက် ဝန်ဆောင်မှုအဆင့်အတန်းမြင့်မားစွာဖြင့် ရန်ကုန်–မန္တလေး–ညောင်ဦး–ဟဲဟိုးစသည့် ပြည်တွင်းခရီးစဉ်များတွင် ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့အတူ မကြာမီတွင် နောက်ထပ် ATR လေယာဉ်များထပ်မံရောက်ရှိလာဦးမည်ဖြစ်ပြီး Fokker-100 Jet လေယာဉ်နှင့်အတူ အခြားပြည်တွင်းခရီးစဉ်များတွင်အားဖြည့်ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

■ **ကျော့ဖုံးမှ**

ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ပုဂ္ဂလိကရတနာဆိုင်များအား ကြည့်ရှုအားပေး၍လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမ(ဈေးပြိုင်ခန်းမ)၌ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့်ရောင်းချနေမှုကို အပြိုင်အဆိုင်ဝယ်ယူနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍လည်းကောင်း၊ ကျောက်မျက်အတွဲများအား ဈေးပြိုင်စနစ်ဖြင့်ရောင်းချနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

**ဈေးပြိုင်စနစ်ဖြင့်ရောင်းချ**

၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ အောက်တိုဘာ ၃၀ ရက်တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်း အတွဲပေါင်း ၃၆၂ တွဲကိုလည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၇၇ တွဲကိုလည်းကောင်း၊ နိုဝင်ဘာ ၁ ရက် **(ယနေ့)**တွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ညနေ ၅ နာရီအထိကျောက်စိမ်းအတွဲပေါင်း ၃၄ တွဲကိုလည်းကောင်း အသီးသီး ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်း အတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁ ရက် **(ယနေ့)**အထိ သုံးရက်ပေါင်း ရောင်းချခဲ့ရသော ကျောက်စိမ်းအတွဲပေါင်းမှာ ၆၇၃ တွဲဖြစ်သည်။

**ဝယ်ယူလျက်ရှိ**

၂၀၀၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပ နိုင်ငံပေါင်း ၁၂ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၂၂၄ ခုမှ ရတနာကုန်သည် ၆၅၃ ဦးနှင့် ပြည်တွင်းကုမ္ပဏီပေါင်း ၁၀၆ ခုမှ နိုင်ငံသားရတနာကုန်သည် ၁၇၂ ဦး စုစုပေါင်း ရတနာကုန်သည် ၈၂၅ ဦး လာရောက်ဝယ်ယူလျက်ရှိသည်။

ယင်းသို့ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် ရတနာကုန်သည်များမှာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ အိန္ဒိယသမ္မတနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ ဂျပန်နိုင်ငံ ကုမ္ပဏီသုံးခုမှ ရတနာကုန်သည်သုံးဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုမ္ပဏီ ၁၇၇ ခုမှ ရတနာကုန်သည် ၅၄၆ ဦး၊ စင်ကာပူသမ္မတနိုင်ငံကုမ္ပဏီလေးခုမှ ရတနာကုန်သည်ခြောက်ဦး၊ ထိုင်းနိုင်ငံ ကုမ္ပဏီ ၃၀ မှ ရတနာ ကုန်သည် ၈၄ ဦး၊ အမေရိကန်ပြည်ထောင်စုကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည်လေးဦး၊ မလေးရှားနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ကနေဒါနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ အီတလီနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံ ကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ သြစတြေးလျနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦးတို့ဖြစ်ကြသည်။

ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချမည်ဖြစ်သည်။ **(သတင်းစဉ်)**



# ကထိန်သင်္ကန်းကပ်လှူမည်

**ရန်ကုန် နိုဝင်ဘာ ၁**

နိုင်ငံတော် သံဃမဟာနာယက ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ဆရာတော်ကြီးများအား အမှူးထား၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ထေရဝါဒ သာသနာပြုကျောင်းများရှိ သံဃာတော်များအား ကပ်လှူမည့်(၃၈)ကြိမ်မြောက်ကထိန်သင်္ကန်းကပ်လှူပွဲကို အဖွဲ့တည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၁၄/ခ)ရှိ အဏ္ဏဝါ ဓမ္မာရုံ၌ နိုဝင်ဘာ ၁၃ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူ အလှူရှင်များသည် ဖုန်း–၃၈၁၄၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ
## ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

**Myanmar P.G.A နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2004) ၏ Monywar Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မုံရွာဂေါက်ကလပ်၌ ကျင်းပသည်။**

**၁၈ ကျင်းပြိုင်ပွဲစတင်**

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများသည် တီခုံအမှတ်(၁)(1-TEE) ၌ နေရာယူကြပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးလှငွေ၊ M.P.G.A နှင့် M.G.F အမှုဆောင် ဦးကိုကိုလေး၊ Rothmans of Pall Mall Myanmar Pte., Ltd. မှ Regional Sale မန်နေဂျာ ဦးအောင်ကျော်ဦးနှင့် မုံရွာမြို့မှကူညီပံ့ပိုးသူများကိုယ်စား ဒုတိယဗိုလ်မှူးကြီးတင်ရွှေ(ငြိမ်း)တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။



ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မင်းနိုင်(Srixon)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိရာ မင်းလွင်ဦး (Wilson)နှင့် အောင်ဝင်း (Y.C.D.C )တို့က ၇၂ ချက်စီဖြင့် ဒုတိယလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ပြီး အချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိကာ အောင်ဝင်းက ၇၄ ချက်ဖြင့် ဒုတိယ၊ သန်းနိုင်ဦးက ၇၆ ချက်ဖြင့် တတိယ လိုက်နေသည်။

ယင်းပြိုင်ပွဲ၏ Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd. ကဖြစ်ပြီး Co-Sponsor များဖြစ်ကြသော Honda Myanmar, Winn Unity Hotel, Shwe Moe Thar, Yadanar Aung Co., Ltd., Yadanar Chin Thwin Mine Excavate Co., Ltd., Kaung Myat Co., Ltd., Ye Mon Construction, Sagaing Division Development Committee, Petroleum Enterprise, Monywar Industrial Zone, Monywar Hotel, Ivanhoe (MICCL), Monywar Golf Club, Air Mandalay, Tiger Beer, Alpine Drinking Water, Htoo Trading, K.M Golf Centre, Maruman, Tour Stage, Wilson, Srixon, Grandslam (Munsing Wear), ACCEL International Co., Ltd., Sunfar Travels and Tour တို့ကလည်း ထပ်မံ၍ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများအား ကူညီပံ့ပိုးပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဖွင့်လှစ်**

**မြန်မာ ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Monywar Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးလှငွေက ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂–၁၁–၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၁၅ | ၂။ | တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇:၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၆။ | ကဗျာပန်းဥယျာဉ် |
| ၈:၁၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၂၀ | ၈။ | ဆွာချောင်းရေလှောင်တမံ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) |
| ၁၆:၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၁၀ | ၆။ | ခံစားနားဆင် တေးဇာတ်ဝင် |
| ၁၇:၂၀ | ၇။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၁၅ | ၈။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း–၃၈) |
| ၁၈:၃၀ | ၉။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၁၉:၂၀ | ၁၂။ | သားငါးဖွံ့ဖြိုးပြည့်အကျိုး |
| ၁၉:၃၅ | ၁၃။ | ကြေးမုံရိပ်သွင်တေးနယ်ဉ် |
| ၂၀:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း–၉) |

# မုန်းချောင်း( ခေါ် )ဟောလုံပေါ်မှ ရွှေစီမံကိန်းများ

ဦးဇော်

မကွေးတိုင်း အနောက်ခြမ်းမှ မုန်းချောင်း၊ မန်းချောင်း၊ စလင်းချောင်း၊ ယောချောင်းတို့သည် ပွင့်ဖြူ၊ စလင်းနှင့် စကုလွင်ပြင်များကို ဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းသို့ တိုက်ရိုက်စီးဝင်သည့် နာမည်ကြီးချောင်းများ ဖြစ်သည်။ ၎င်းချောင်းများအနက် မုန်းချောင်းသည် ချင်းပြည်နယ် တောင်တန်းများမှ စတင်စီးဆင်းခဲ့ပြီး ပွင့်ဖြူမြို့နယ်အတွင်းမှ ဖြတ်သန်း၍ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သည့် ၁၉၆မိုင်ခန့် အရှည်ရှိသော ချောင်းအကြီးစား ဖြစ်သည်။

တစ်နှစ်လျှင် ပျမ်းမျှချောင်းရေစီးဆင်းမှု ပမာဏမှာ ဧကပေ ၃ဒသမ၅ သန်းခန့်ရှိသဖြင့် မူးမြစ်၏ နှစ်စဉ်ရေစီးဆင်းမှု ပမာဏနှင့် မတိမ်းမယိမ်းဟု ဆိုရမှာဖြစ်သည်။ ထို့ကြောင့် မုန်းချောင်းသည် မြစ်ငယ်တစ်ခုကဲ့သို့ ရေစီးအား ရှိသည့် ဧရာဝတီ၏ မြစ်လက်တက်တစ်ခု ဖြစ်သည်။ မြစ်ရိုးတစ်လျှောက်၊ အထူးသဖြင့် မဲဇလီရွာမှစသည့် မြေပြန့်လွင်ပြင်သည် ဧရာဝတီမြစ်အတွင်း စီးဝင်သည်အထိ မိုင်ပေါင်း၃၀ကျော် ၄၀ခန့်ရှိသည်။ ကျယ်ပြန့် ရှည်လျားသည့် မြစ်ဝှမ်းတစ်လျှောက်တွင် ပွင့်ဖြူမြို့ အပါအဝင် ရွာကြီးရွာငယ်ပေါင်း ၁၀၀ကျော် အခြေချနေထိုင်လျက်ရှိသည်။ စေတုတ္တရာ ပတ်ဝန်းကျင် ဒေသခံများက မုန်းချောင်းကို “မုန်း”ဟု မခေါ်ဘဲ “ဟောလုံ”ဟုခေါ်ဝေါ်ကြသည်။ “လုံ”မှာ ချောင်းဟုအဓိပ္ပာယ်ရသဖြင့် ဟောချောင်းဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

မုန်းချောင်းရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုနိုင်ရန် မြေပြန့်စတင်သည့် မဲဇလီရွာအနီး၌ ၁၉၁၀ပြည့်နှစ်တွင် ရေလွှဲဆည်နှင့် ရေပေးတူးမြောင်းစနစ်ကို တည်ဆောက်ပြီး လယ်ဧက ၇၉၀၀၀ကျော်ကို ရေပေးဝေနိုင်ခဲ့သဖြင့် မုန်းချောင်းဆည်ရေသောက်ဧရိယာ စတင်ဖြစ်ပေါ်လာသည်။ ယင်းရေသောက်စနစ်မပေါ်မီ ရှေးမြန်မာမင်းများ လက်ထက်ကလည်း မဲဇလီရွာ ပတ်ဝန်းကျင်၌ ရေပေးတူးမြောင်းများ ဖောက်လုပ်၍ ရေပေးနိုင်အောင် စီမံခဲ့သည့် အထောက်အထားများ ရှိခဲ့သည်ဟု လေ့လာသိရှိရသည်။ မည်သို့ပင်ဖြစ်စေ မုန်းချောင်းသည် ပွင့်ဖြူလွင်ပြင်ရှိ ကျေးလက်ဒေသများကို အကျိုးပြုခဲ့သည်မှာ နှစ်ကာလရှည်ကြာခဲ့ပြီဖြစ်သည်။ သို့ရာတွင် သဘာဝချောင်းရေကို ရေလွှဲဆည် အဆင့်ဖြင့်သာ ရေကို ထိန်းသိမ်းနိုင်ခဲ့သဖြင့် မိုးရာသီမှာသာ စိုက်ပျိုးရေးအတွက် မိုးရေ မလုံလောက်ပါက ဖြည့်စွက်ရေအဖြစ် ပေးနိုင်သည်။ မုန်းချောင်းရေကို အပြည့်အဝ အသုံးချခြင်းမျိုး မဟုတ်ခဲ့ပေ။

၁၉၉၄ခုနှစ်မှစပြီး မုန်းချောင်းကို တိုးချဲ့ထိန်းချုပ်အသုံးပြုနိုင်မည့် မုန်းချောင်း ဘက်စုံရေလှောင်တမံ စီမံကိန်းကြီးကို မျှော်မှန်းချက် ကြီးကြီးမားမားထားကာ စိုက်ပျိုးရေ ပိုမိုတိုးချဲ့ပေးဝေရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ ရေကြီးမှုကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် တည်ဆောက်ရန် ပြင်ဆင်ခဲ့သည်။ ၁၉၉၄ခုနှစ် ဧပြီလ၌ မုန်း ဘက်စုံရေလှောင်တမံ စီမံကိန်း မြေနေရာကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ရဟတ်ယာဉ်များဖြင့် မုန်းချောင်းရိုးတစ်လျှောက် လိုက်လံ ကြည့်ရှုရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧက တစ်သိန်းကျော်ကို မဲဇလီရေလွှဲဆည်မှ တစ်ဆင့် မိုးတွင်းသာမက နွေရာသီမှာပါ ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ပြီး ရေအား လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ်ကိုပါ ထုတ်လုပ်ပေးသွားနိုင်မည် ဖြစ်သည်။

ရေ၊ မြေ၊ သယံဇာတများကို သဘာဝအတိုင်းမထားဘဲ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအကျိုးရှိအောင် ဖော်ထုတ်အသုံးပြုနေခြင်းပင်ဖြစ်သည်။ ယင်းသို့ အသုံးပြုနိုင်သည်နှင့်အမျှ ဒေသခံ တောင်သူလယ်သမားများသည် တစ်သီးစားဘဝမှ နှစ်သီးစားဘဝသို့ ကူးပြောင်းပြီး ဝင်ငွေတိုးပွားလာကာ ဒေသအလိုက် ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းသွားမည်ဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟနေမှုများလည်း ကျဉ်းကျုတ်သွားမည်ဖြစ်သည်။

**မုန်းသည် ဆည်မြောင်းဦးစီးဌာန၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကို စိန်ခေါ်သည့် စီမံကိန်းဟု ဆိုနိုင်သည်။ မုန်းကိုအောင်နိုင်ရန် ကြိုးပမ်းရင်း အတွေ့အကြုံသစ်များနှင့် အတူ ဥမင်လိုဏ်ခေါင်းတူးသည့် အတတ်ပညာတိုးပွားလာသည်။ ဥမင်လိုဏ်ခေါင်းကို ကျွမ်းကျင်ပိုင်နိုင်စွာ တူးတတ်သွားပြီ ဖြစ်သည်။**

ဤအမြင်၊ ဤစေတနာများဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မုန်း၊ မန်း၊ စလင်းနှင့် ယောချောင်းတို့၏ ရေသယံဇာတများကို အသုံးချနိုင်ရန် ရေလှောင်တမံနှင့် ရေလွှဲဆည်များကို တစ်ခုပြီးတစ်ခု အကောင်အထည်ဖော်စေခဲ့သည်။ ကိုယ်တိုင်ကိုယ်ကျ စီမံကိန်းနေရာများကို အပင်ပန်းခံ လိုက်လံကြည့်ရှု ရွေးချယ်ပေးရုံသာမက တည်ဆောက်နေဆဲ အချိန်မှာလည်း



**မကြာမီ ဖွင့်လှစ်တော့မည့် မကွေးတိုင်း စေတုတ္တရာမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရေအားလျှပ်စစ် ဥမင်လိုဏ်အတွင်းပိုင်း ပြုပြင်ဆောင်ရွက်မှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ-သန်းလွင်စိုး-သတင်းစဉ်)

အကြိမ်ကြိမ် သွားရောက်စစ်ဆေး အားပေးသည်။ နိုင်ငံတော်၏ စေတနာနှင့် လုံ့လစိုက်ထုတ်မှုကြောင့် ယနေ့ဆိုလျှင် စလင်းရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ ယောချောင်းရေလွှဲဆည်များသည် မျက်ဝါးထင်ထင် ရုပ်လုံးပေါ်လာခဲ့ပြီး ဖြစ်သည်။ အကျိုးကျေးဇူးများကိုလည်း ခံစားနေရပြီဖြစ်သည်။

မုန်းသည်လည်း အမှန်တကယ်အားဖြင့် ရုပ်လုံးပေါ်နေပြီဟု ဆိုရမှာ ဖြစ်သည်။ ရေလှောင်တမံ၌ ရေသိုလှောင်နိုင်ရန်နှင့် ရေအားလျှပ်စစ်ထုတ်နိုင်ရန်တို့အတွက် မုန်းရေကို ရှေးဦးစွာလွှဲရမှာဖြစ်သည်။ ယင်းသို့ လွှဲနိုင်ရန်အတွက် အလျား ၃၆၂၅ပေနှင့် အချင်း ၃၇ဒသမ၄ပေရှိသည့် ကွန်ကရစ်ရေလွှဲဥမင်ကို ၁၉၉၇ခုနှစ်မှ စတင်၍ ဖောက်လုပ်တည်ဆောက်ခဲ့ပြီး ၂၀၀၂ခုနှစ် နိုင်ဝင်ဘာလ၌ ချောင်းရေကို ရေလွှဲဥမင်မှတစ်ဆင့် အောင်မြင်စွာ လွှဲနိုင်ခဲ့သည်။ ရေလွှဲဥမင်မှ ရေလွှဲထားခြင်းဖြင့် ချောင်းအောက်ပိုင်းသို့ ရေဆက်လက်စီးဆင်းမှု မရှိတော့သည့်အတွက် ချောင်းကိုကန့်လန့်ဖြတ်၍ပိတ်မည့် ပင်မတမံပိုင်းလုပ်ငန်းကို စတင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ပင်မတမံပိုင်း မြေဖို့လုပ်ငန်းကို ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလမှစ၍ နေ့ညမပြတ် အင်အားအပြည့်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ပင်မတမံလုပ်ငန်း ပြီးစီးသွားပြီဖြစ်သည်။ ယင်းပင်မတမံအပိုင်း၊ ကုန်းကျောတမံအပိုင်း၊ ရေစီမံ့တားနံရံအပိုင်း၊ ရေလွှဲဥမင်အပိုင်း၊ ရေအားလျှပ်စစ်ဥမင်အပိုင်း၊ ဥမင်ရေတံခါးများအပိုင်း၊ ရေပိုလွှဲအပိုင်း၊ ရေလျှံထိန်းဆည်အပိုင်းစသည်ဖြင့် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ရသည့်လုပ်ငန်းပိုင်းအမျိုးအစား များစွာရှိသည်။ လုပ်ငန်းပမာဏအားဖြင့်လည်း ကြီးမားသည်။ ယင်းလုပ်ငန်းပိုင်းများ အနက် ဥမင်ဖောက်လုပ်အချောကိုင်သည့် လုပ်ငန်းများ၊ ဥမင်အဝများ၌ ရေတံခါးများ တပ်ဆင်သည့်လုပ်ငန်း၊ နှစ်ပေထုရှိသော ကွန်ကရစ်ရေစိမ့်တားနံရံလုပ်ငန်း၊ ရေလျှံထိန်းဆည် တည်ဆောက်သည့်လုပ်ငန်းတို့မှာ စိတ်ရှိတိုင်း လုပ်၍ကိုင်၍ မရနိုင်ဘဲ အဆင့်မြင့်နည်းပညာနှင့် အဆင့်မြင့်စက်ယန္တရားများကို အသုံးပြုရသည်။ သတ်မှတ်ဒီဇိုင်းများနှင့်အညီ တည်ဆောက်နေရသည့်အပြင် ကွန်ကရစ်လုပ်ငန်းများဖြစ်၍ အချိန်ယူရပြန်သည်။ အထူးသဖြင့် လိုဏ်ခေါင်းလုပ်ငန်းများမှာ အတွင်းမြေသားမာရန် လိုအပ်သည့်နည်းတူ ဒီဇိုင်းတိကျမှုနှင့် လုပ်ငန်းကျွမ်းကျင်မှုလည်း လိုအပ်သည်။ အတွေ့အကြုံလိုအပ်သည်။ ရေလျှံထိန်းဆည် ဆိုလျှင် အချင်း၈၇ပေနှင့် အနက် ၂၂၈ဒသမ ၅ပေရှိသည့် ကွန်ကရစ် လုပ်ငန်းမျိုး ဖြစ်ရာ ရှေးဦးစွာ စမ်းသပ်ကျင်းငယ်တူးပြီးမှ တစ်ဆင့်ပြီးတစ်ဆင့် ချဲ့ထွင်တူးဖော်ရခြင်းဖြစ်သည်။

ခြုံလိုက်လျှင် **မုန်းသည် ဆည်မြောင်းဦးစီးဌာန၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကို စိန်ခေါ်သည့် စီမံကိန်းဟု ဆိုနိုင်သည်။ မုန်းကိုအောင်နိုင်ရန် ကြိုးပမ်းရင်း အတွေ့အကြုံသစ်များနှင့်အတူ ဥမင်လိုဏ်ခေါင်းတူးသည့် အတတ်ပညာတိုးပွားလာသည်။ ဥမင်လိုဏ်ခေါင်းကိုကျွမ်းကျင်ပိုင်နိုင်စွာ တူးတတ်သွားပြီဖြစ်သည်။** ဆည်မြောင်းလုပ်ငန်းပိုင်းမှ စီမံကိန်းတာဝန်ခံ ဦးမြင့်သန်းဆိုလျှင် ငမိုးရိပ်ဆည်တည်ဆောက်မှုဖြင့် နာမည်ရလာသူဖြစ်သည်။ လုပ်ငန်းပိုင်းကို ကျွမ်းကျင်မှုရှိသလို သွက်လက်စွာ၊ ရှင်းလင်းစွာ တင်ပြပြောဆိုတတ်သည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် မုန်းစီမံကိန်း၏ ပြီးစီးရမည့်အချိန်တွေ ရွှေ့၍ရွှေ့၍ လာခဲ့ရပြီး စီမံကိန်းကာလ ကြာလာသည်နှင့်အမျှ ဦးမြင့်သန်းမှာ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

**စိုက်ပျိုးမြေ အကျိုးပြုဧက ၁၀၈၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်ပြီး လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်မည့် မကွေးတိုင်း စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း ပြီးစီးမှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ-သန်းလွင်စိုး-သတင်းစဉ်)



# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၀၄ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီက ဗထူးတပ်နယ်စက်ပစ်ကွင်း၌ကျင်းပရာ အခမ်းအနားသို့ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊တပ်နယ်တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုဝင်များ၊ ရပ်စောက်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်း ၁၇ သင်းမှပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

အခမ်းအနားတွင်တစ်ဦးချင်းနှင့်အဖွဲ့လိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမတံခွန်စိုက်ဒိုင်းရရှိသော ဗထူးတပ်နယ်အသင်း၊ ဒုတိယဆုရရှိသော အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် တတိယဆုရရှိသောလွိုင်ကော်တပ်နယ်အသင်းတို့အား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းက တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်မြို့ လှိုင်မြို့နယ် ၅ ရပ်ကွက် ကမာရွတ်ဘူတာရုံအနောက်ဘက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တ နရပတိ(သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ)ဖြူးဆရာတော်အမှူးပြုသော သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော် အရှင်မြတ်တို့အား ရိပ်သာအကျိုးဆောင်အဖွဲ့နှင့် အလှူရှင်အပေါင်းတို့က စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရိပ်သာဖုန်း-၆၅၂၇၁၁၊ ၅၀၁၈၄၆၊ (လိုင်းခွဲ ၁၈၁)၊ ၀၉-၅၀-၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# အသက်(၁၈)နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

## အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ မြန်မာမှ ချစ်စုရီနှင့် မလေးရှားမှ Noordinတို့အတွဲ ဗိုလ်စွဲ

ရန်ကုန် နိုဝင်ဘာ ၁

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမအကြိမ်လက်ခံကျင်းပသည့် အသက်(၁၈)နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲ(1st Myanmar Junior World Ranking Tennis Tournament Grade-5) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။**

**ကြည့်ရှုအားပေး**

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.)နှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် လူငယ်တင်းနစ်အားကစားသမားများ၊ တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ၌ စင်ကာပူမှ Lee Wei Pingက ထိုင်းမှ Parichart Charoensukployphol ကို ၆-၀၊ ၇-၅ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ၌ အင်ဒိုနီးရှားမှ Agung Bagus Dewantoro က တရုတ်တိုင်ပေမှ Hsin-Han Lee ကို ၆-၄၊ ၇-၆၊ ၇-၄ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အောက်တိုဘာ ၃၀ ရက်က ကျင်းပသည့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲ၌ ချစ်စုရီ(မြန်မာ)နှင့် Jawairiah Noordin (မလေးရှား) တို့အတွဲက ထိုင်းမှ Parichart Charoensukployphol နှင့် Hataichanok Saenyaukhot တို့အတွဲကို ၆-၁၊၇-၆၊ ၇-၄ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**အနိုင်ရဗိုလ်စွဲ**

အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ ဗိုလ်လုပွဲ၌ အင်ဒိုနီးရှားမှ Faisal Aidil နှင့် Agung Bagus Dewantoro တို့အတွဲက Christopher Rungkat(အင်ဒိုနီးရှား)နှင့် Lopburi Nathasari (ထိုင်း)တို့အတွဲကို ၆-၁၊ ၆-၁ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မိုးလုံလေလုံ တင်းနစ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.)က အသက်(၁၈)နှစ်အောက် ကမ္ဘာ့လူငယ်တင်းနစ်ပြိုင်ပွဲကို လက်ခံကျင်းပသည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူတို့အား အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

**ဆုများချီးမြှင့်**

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd. )က အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ထိုင်းမှ Hataichanok Saenyaukhot နှင့် Parichart Charoensukployphol တို့အားလည်းကောင်း၊ ပထမဆုရရှိသည့် Jawairiah Noordin(မလေးရှား)နှင့် ချစ်စုရီ (မြန်မာ)တို့အားလည်းကောင်း အောင်နိုင်ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာအားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဆု ရရှိသည့် ထိုင်းမှ Parichart Charoelsukployphol နှင့် ပထမဆုရရှိသည့် စင်ကာပူမှ Lee Wei Ping တို့အား အောင်နိုင်ဆုများကို ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယရရှိသည့် တရုတ်တိုင်ပေမှ Hsin-Han Lee နှင့် ပထမဆုရ အင်ဒိုနီးရှားမှ Agung Bagus Dewantoro တို့အား အောင်နိုင်ဆုများကို ချီးမြှင့်သည်။

**အမှတ်တရ**

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများသည် ဆုရအားကစားသမားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၃၁ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရည် မြင့်မားရေးအတွက် အဆင့်မြင့် စာသင်ခန်းများဖြစ်မြောက်ရေး ကော်မတီဝင်များက ပညာပါရမီဖြည့် မတည်လှူဒါန်းငွေကျပ်နှစ်သိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သာထွန်းက ပေးအပ်လှူဒါန်းရာ အဖွဲ့ဝင်များနှင့်အတူ ဘဏ္ဍာရေးမှူး ဦးမြက လက်ခံရယူစဉ်။ (က-ပ)**

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

ပြောအားဆိုအားကျလာပြီး အားနာမှု၊ မချင့်မရဲဖြစ်မှုတွေ ခံစားနေရပုံပေါ်သည်။ စီမံကိန်းပြီးစီးချိန်နောက်ကျရသည့်အပိုင်းကို ရှင်းပြသည့်အခါ ခန္ဓာကိုယ်ကြီးသလောက် စိတ်အားငယ်နေပုံရသည်ဟု မှန်းဆ၍ရနေသည်။ သို့ရာတွင် တန်ဖိုးဖြတ်၍မရသည့် အတတ်ပညာနှင့် ရင့်ကျက်သည့် အတွေ့အကြုံများကို ရလိုက်ပြီ ဖြစ်သည်။

ကြိုးစားအားထုတ်မှု၊ ဇွဲရှိမှုတို့ကြောင့် မုန်းရေလှောင်တမံ၌ ပင်မတမံ (အမြင့် ပေ၂၀၀၊ အလျားပေ၄၃၂၀)ကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ရေလွှဲထားသည့် ဥမင်ကိုပြန်ပိတ်ပြီး တမံအတွင်း ရေပြန်စီးဆင်းစေခဲ့ရာ ၂၅-၆-၂၀၀၄ ရက်နေ့၌ ကန်ရေပြည့်အမှတ် RLပေ ၅၂၀သို့ ရောက်ရှိခဲ့သည်။ တမံအတွင်း ရေဆက်လက်ဝင်လာရာ ကန်ရေများသည် သိုလှောင်နိုင်အားထက် ပိုမိုသည်နှင့် အမျှ ပင်မရေပိုလွှဲမှရော အကူရေပိုလွှဲတို့မှာပါ မရပ်မနား ကျော်ကျလျက်ရှိသည်။ ၁၅-၉-၂၀၀၄ရက်နေ့၌ ကန်ရေပြည့်အမှတ်ထက် ၁၆ဒသမ၂ပေ ပိုမိုကာ RL ၅၃၆ဒသမ၂ပေသို့ပင် အမြင့်ဆုံးရောက်ရှိခဲ့သည်။ တမံနှင့် ရေပိုလွှဲတို့၏ ခိုင်ခံ့မှု၊ သိပ်သည်းမှုကို ကြီးမားသော ရေထုပမာဏက ဦးဦးဖျားဖျား စတင်စမ်းသပ်လိုက်ပြီဖြစ်သည်။ တစ်နည်းအားဖြင့် ပင်မတမံ၊ ကုန်းကျောတမံနှင့် ရေပိုလွှဲများ၊ ထို့အပြင် ကန်ရေတိုးထွက်နိုင်သည့် ရေအောက်မှ ရေလွှဲဥမင်၊ ရေတံခါးနှင့် ရေအားလျှပ်စစ်ဥမင်ရေတံခါးတို့၏ ခိုင်ခံ့မှုကို လက်တွေ့ဖော်ထုတ်ပြနိုင်ခဲ့ပြီဟု ဆိုနိုင်သည်။ ရေတံခါးများဖြင့် ရေမဝင်အောင် ပိတ်ထားနိုင်သဖြင့် ရေအောက်ဥမင်များအတွင်း၌လည်း ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများကို လုံခြုံစိတ်ချစွာ လုပ်ဆောင်လျက် ရှိကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ လုပ်ဆောင်ရမည့်အပိုင်းများကို ယခုကဲ့သို့ ပင်ပင်ပန်းပန်း တာဝန်ယူ လုပ်ဆောင်နေချိန်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနကလည်း တမံအောက်ခြေ၌ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း၊ တာဘိုင်/ဂျင်နရေတာစက် သုံးလုံး တပ်ဆင်ခြင်း၊ ဖိအားမြှင့်ပိုက် (Steel Penstock)များ တပ်ဆင်ခြင်း၊ ဓာတ်အားပေးစက်ရုံအောက်ဘက်၌ ရေထုတ်မြောင်း(Tailrace) တည်ဆောက်ခြင်း၊ ရေတံခါးများ၌ လျှပ်စစ်နှင့် သံထည်ပစ္စည်း တပ်ဆင်ခြင်း၊ ဓာတ်အားဖြန့်ဖြူးပေးမည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းတို့ကို ဟန်ချက်ညီညီ အားထုတ်ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ လုပ်ငန်းပိုင်းအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနက ရေခေါ်ဥမင်မှတစ်ဆင့် ဖိအားမြှင့်ပိုက်များကို အသုံးပြု၍ ရေလွှတ်ပေးမည့်အချိန်ကို စောင့်ဆိုင်းနေသည့်အဆင့်ဖြစ်သည်။ စက်ရုံအပိုင်းကို ရေရောက်ပြီဆိုလျှင် တာဘိုင်စက်သုံးလုံးကို တစ်လုံးပြီးတစ်လုံး စမ်းသပ်လည်ပတ်၍ လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

ဆည်မြောင်းဦးစီးဌာနအပိုင်းက တာဝန်ယူတည်ဆောက်ရသောလုပ်ငန်းများစွာအနက် ယခုအခါ ရေအားလျှပ်စစ်အတွက် ရေခေါ်ဥမင်အပိုင်း အချောကိုင်ခြင်း၊ ဓာတ်အားပေးစက်ရုံ၏ ဖိအားမြှင့်ပိုက်လိုင်းများဆီသို့ ရေလွှဲပေးမည့် ဥမင်အချောကိုင်ခြင်း၊ ရေလွှဲဥမင်ထွက်ပေါက်ဝပိတ်ခြင်းတို့သာ ကျန်ရှိပါတော့သည်။ လုပ်ငန်းပမာဏအားဖြင့် ၅ ရာခိုင်နှုန်း၊ အချိန်အားဖြင့် ရက်ပေါင်း၂၀ ကျော်စာခန့်သာ အချိန်ယူ၍ ပြီးစီးအောင် အားထုတ် အလုပ်လုပ်ရတော့မှာဖြစ်သည်။ စာရေးသူတို့မုန်းစီမံကိန်းသို့ ရောက်ရှိခဲ့သည့်အချိန်မှာ အောက်တိုဘာလ ၉ရက်နေ့ဖြစ်သဖြင့် ယခုအခါ လုပ်ငန်းများအပြီးသတ်ပြီး ကောက်သင်းကောက်နေလောက်ပြီဖြစ်သည်။

ထို့ကြောင့် မုန်းအပေါ် ရာနှုန်းပြည့်အောင်ပွဲဆင်ရတော့မည်မှာ သေချာနေပြီဖြစ်သည်။ မုန်းရေလှောင်တမံမှရေများကို ယခုအခါမဲဇလီရေလွှဲဆည်မှ တစ်ဆင့်စိုက်ပျိုးရေးအတွက် မြောက်မုန်းချောင်း၊ တောင်မုန်းချောင်းအတိုင်း မိုးရောနွေပါပေးနိုင်ပြီဖြစ်၍ စပါးစိုက်ဧကများ တိုးလာနေပြီဖြစ်သည်။ မကြာမီကာလအတွင်းမှာပင် ရေအားလျှပ်စစ် တာဘိုင်စက်များ စတင်လည်ပတ်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးနိုင်တော့မည် ဖြစ်သည်။

ဤရွှေ့ ဤမျှ လက်ဝင်ပြီး အချိန်ယူခဲ့ရသည့် လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ကို ထုတ်ပေးမည့် မုန်းလျှပ်စစ်စီမံကိန်းသည် ကင်းတား၊ ဆည်တော်ကြီး၊ သဖန်းဆိပ်၊ ဇောင်းတူစသည့် ရေအားလျှပ်စစ် စက်ရုံများထက် ဓာတ်အားပမာဏ ပိုမိုထုတ်လုပ်နိုင်သည်။တည်ဆောက်နေဆဲ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းနှင့်မူ မတိမ်းမယိမ်းနီးပါးခန့်ရှိသည်ဟု ဆိုနိုင်သည်။ ရေလှောင်တမံ၏ အရွယ်အစားမှာကလည်း ငမိုးရိပ်၊ တောင်နဝင်း၊ ဝဲကြီး၊ တဘူးလှ၊ ဇောင်းတူ ရေလှောင်တမံတို့ထက် ကြီးမားသည်။ ဆည်ရေသောက် ဧရိယာကလည်း ကျယ်ပြန့်သည်။

သို့ရာတွင် မုန်းချောင်း၏ တစ်နှစ်ရေစီးဆင်းမှုပမာဏမှာ ဧကပေ ၃ဒသမ၅သန်းဖြစ်ပြီး ရေလှောင်တမံ၏ ရေသိုလှောင်အားမှာ ဧကပေ ၆ဒသမ၇ သိန်းကျော်သာရှိသဖြင့် စုစုပေါင်း ရေစီးဆင်းမှု၏ ၂၀ရာခိုင်နှုန်းခန့်သာ သိုလှောင်နိုင်ရာ ထပ်မံ၍ ရေသိုလှောင်နိုင်မည့် နေရာများကို ရှာဖွေရပြန်သည်။ လက်ရှိ မုန်းရေလှောင်တမံ၏ အထက်ဘက် ၁၃ မိုင်အကွာ၌ မုန်းချောင်းပေါ်တွင် ဓာတ်အား မဂ္ဂါဝပ်၆၀ကျော် ထုတ်လုပ်နိုင်အားရှိသော ဘူးရွာစီမံကိန်းကိုလည်းကောင်း၊ မုန်းရေလှောင်တမံ၏ အောက်ပိုင်း မဲဇလီရေလွှဲဆည်၏ အထက်နား၌ မဂ္ဂါဝပ်၆၀ဓာတ်အားခန့် ထုတ်လုပ်နိုင်စွမ်းရှိသည့် ကြီးအုံကြီးဝ စီမံကိန်းကိုလည်းကောင်း ရွှေစီမံကိန်းများအဖြစ် တန်ဖိုးရှိရှိ ထပ်မံတွေ့ရှိရသည်။ ကြီးအုံကြီးဝ စီမံကိန်းကို စတင်အကောင်အထည်ဖော်နေရာ အတော်ပင် ခရီးရောက်နေပြီဖြစ်သည်။ ထို့ကြောင့် မုန်းချောင်းတစ်လျှောက်၌ မုန်း၊ ကြီးအုံကြီးဝနှင့် ဘူးစသည့်ရွှေအလင်းရောင်စီမံကိန် သုံးခုရှိလာမည်မှာ သေချာနေပြီဖြစ်သည်။

မုန်းချောင်းပေါ်မှ ရွှေစီမံကိန်း သုံးခုသည် စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ခန့်ကို ထုတ်လုပ်နိုင်အားရှိသဖြင့် ဧရာဝတီအနောက်ဘက်ကမ်းဒေသအတွက်ရော နိုင်ငံတော်အတွက်ပါ အလေးထားအားကိုးရမည့် ရေစီမံကိန်းဖြစ်ကြောင်း တင်ပြရင်း မကြာမီ ရွှေအလင်းရောင် ထွန်းလင်းပေးတော့မည့် မုန်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြိုဆိုလိုက်ပါသည်။ ။



**အောက်တိုဘာ ၁၉ ရက်က မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနမှူး ဦးလှိုင်ဌွေးက (၄)ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၂၃၂ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်ရုံးတွင် ပေးအပ်စဉ်။ (က-ပ)**

# အောင်ပွဲရ မြန်မာဝူရှူးအားကစားအဖွဲ့အား ဂုဏ်ပြုပွဲကျင်းပ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား၊ ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁

**အောက်တိုဘာ ၁၈ရက်မှ ၂၀ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန့်ကျိုးမြို့တွင် ကျင်းပခဲ့သော ပထမအကြိမ် ကမ္ဘာ့ရိုးရာဝူရှူးပွဲတော်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော အောင်ပွဲရမြန်မာဝူရှူးအားကစားအဖွဲ့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲက လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ Panda ဟိုတယ်တွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ အောင်ပွဲရမြန်မာဝူရှူးအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက ပြိုင်ပွဲ အတွေ့အကြုံများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အုပ်စုလိုက် ခြောက်ယောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော သူရစိုး၊ ဝေဖြိုးအောင်၊ ကောင်းထက်ဟိန်း၊ ခန့်ဆွေသက်၊ သတိုးအောင်နှင့် ကျော်ဇင်သစ်တို့ကိုလည်းကောင်း၊ သုံးယောက်အတိုက်အခိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိခဲ့သော စန္ဒီဦး၊ ကောင်းထက်ဟိန်းနှင့် သူရစိုးတို့ကို လည်းကောင်း၊ ရွှေတံဆိပ်နှစ်ခုရ ဝေဖြိုးအောင်ကိုလည်းကောင်း၊ ရွှေတံဆိပ်နှစ်ခုရ သတိုးအောင်ကိုလည်းကောင်း၊ ရွှေတံဆိပ်နှစ်ခုရ ရှိန်းဝေယံကို လည်းကောင်း၊ ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုရ သူရစိုးကိုလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

## ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိခဲ့ကြသော ကောင်းထက်ဟိန်း၊ ကျော်ဇင်သစ်၊ တိုးဝေဟန်နှင့် စောဝင်းထွဋ်တို့ကိုလည်းကောင်း၊ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရ ခန့်ဆွေသက်ကိုလည်းကောင်း ဂုဏ်ပြုဆုငွေများ ဆက်လက်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအတွင်းရေးမှူး ဒေါ်အေးအေးက ငွေတံဆိပ်နှစ်ခုရ စိုးဝင်းသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် နာယက ဒေါ်ကျင်ခိုင်က ငွေတံဆိပ်နှစ်ခုရ သက်သက်နိုင်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် နာယက ဒေါ်စန်းစန်းက ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရ စန္ဒီဦးကိုလည်းကောင်း ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်နာယကများ ဖြစ်ကြသည့် ဒေါ်ကျင်ခိုင်၊ဒေါ်စန်းစန်းနှင့် ဒေါ်ကြည်ကြည်ဝင်းတို့က အောင်ပွဲရ မြန်မာဝူရှူးအားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းငါးသောင်းကို နာယကများကိုယ်စား ဒေါ်ကျင်ခိုင်က ပေးအပ်ချီးမြှင့်ရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက လက်ခံရယူသည်။

(အပေါ်ပုံ)

ပထမအကြိမ် ကမ္ဘာ့ရိုးရာဝူရှူးပွဲတော်ပြိုင်ပွဲသို့ မြန်မာဝူရှူးအားကစားအဖွဲ့မှ အသက်(၁၃)နှစ်ဝန်းကျင်ရှိ မျိုးဆက်သစ်အားကစားသမား ၁၂ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

**(မြန်မာ့အလင်း)**



# အဆင့်မြင့်တန်း ပတ်လည်ဘောလုံးပြိုင်ပွဲ သစ်တောရေးရာနှင့်မြို့တော်စည်ပင် ဒုတိယအဆင့်တက်

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် စတုတ္ထအကြိမ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အဆင့်မြင့်တန်းပတ်လည် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ သစ်တောရေးရာအသင်းနှင့်လယ်ယာ/ဆည်မြောင်းအသင်းတို့ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့်ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြို့တော်စည်ပင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အုပ်စု(က)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ သစ်တောရေးရာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ၇မှတ်ဖြင့်အုပ်စုပထမ၊ မြို့တော်စည်ပင်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ၆ မှတ်ဖြင့်အုပ်စုဒုတိယရရှိပြီးဒုတိယအဆင့်သို့ တက်ရောက်သွားသည်။

## ယနေ့ပွဲ

နိုဝင်ဘာ၂ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ အုပ်စု(ခ)မှ စီးပွား/ကူးသန်းအသင်းနှင့်ကမ္ဘောဇအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



**အမှတ် ၁၂၈(က) သုဒ္ဓဿန ၂လမ်း(၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေ ဦးချစ်တင်-ဒေါ်စန်းအေးမိသားစုက ဦးချစ်တင်၏ (၇၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင်အလှူငွေကျပ်တစ်သိန်းကို အောက်တိုဘာ၁၈ရက်က လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူးဦးစိုးဝင်းက လက်ခံယူစဉ်။ (က-ပ)**

# ကမ္ဘာတစ်လွှား အားကစား

## ဂျူဗင်းတပ်အသင်း ဂိုးပြတ်သွင်းပြီး အနိုင်ရ ရိုးမားတို့လည်း ဂိုးမိုးရွာနိုင်ခဲ့

ရောမ နိုဝင်ဘာ ၁

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို အောက်တိုဘာ၃၁ရက်က ဆက်လက်ကျင်းပရာ ဂျူဗင်းတပ်က ချီယေးဗိုကို သုံးဂိုးပြတ်အနိုင်ရပြီး ပါးမားနှင့်အတ္တလန္တာတို့ နှစ်ဂိုးစီသရေကျကာ ရိုးမားတို့က ကယ်ဂလီယာရီကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

### ဂျူဗင်းတပ်နှင့်ချီယေးဗို

ဂျူဗင်းတပ်ကွင်း ဒယ်လီအယ်ပီ၌ ကစားသည့် ချီယေးဗိုနှင့်ပွဲကို ဂျူဗင်းတပ်တို့က တစ်ဖက်သတ်ဖိကစားနိုင်ခဲ့ပြီး ချီယေးဗိုနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်နိုင်ခဲ့သည်။ ဂျူဗင်းတပ်အတွက် ပွဲချိန်၂၅မိနစ်တွင် ဇာလာယက်တာက တစ်ဂိုး၊ ပွဲချိန်၆၅မိနစ်တွင် ပါဗယ်နက်ဗက်က တစ်ဂိုးနှင့် ပွဲချိန် ၇၉မိနစ်တွင် အီဘရာဟီမိုဗစ်က တစ်ဂိုးသွင်းယူပေးခဲ့သည်။ ဂျူဗင်းတပ်တို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ကိုးပွဲကစား ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိ ၂၅ မှတ်ရကာ တန်းစီဇယားထိပ်ဆုံး၌ ဆက်လက်ရပ်တည်နေသည်။

### အင်တာမီလန်နှင့်လာဇီယို

ယခုနှစ်ရာသီ၌ သရေပွဲများနေသော အင်တာမီလန်တို့ ပွဲစဉ်(၉)ကို အိမ်ကွင်း ဆမ်ဆီယို၌ ကစားခဲ့ရာ လာဇီယိုနှင့် တစ်ဂိုးစီသရေပွဲနှင့် ကြုံခဲ့ရပြန်သည်။ လာဇီယိုတို့က အိမ်ရှင်အင်တာမီလန်ကို ပွဲချိန် ၄၆မိနစ်၌ ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးမှ အင်တာမီလန်မှ တာလယ်မွန်တီက ပွဲချိန်၈၅ မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ အင်တာမီလန်က ကိုးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ ခုနစ်ပွဲသရေဖြင့် ၁၃ မှတ်ရရှိကာ အဆင့်ငါး၌ရှိနေပြီး လာဇီယိုက ၁၂မှတ်ဖြင့်အဆင့်၁၁၌ ရှိနေသည်။

### ဆမ်ဒိုးရီးယားနှင့်အေစီမီလန်

အေစီမီလန်တို့ အဝေးကွင်း၌ အနိုင်ရရန်ကြိုးစား ရုန်းကန်ခဲ့ရသည့် ပွဲဖြစ်သည်။ ပုံမှန် ခြေစွမ်းပြန်ရလုနီးပါး ဖြစ်နေသည့် အေစီမီလန်က ဆမ်ဒိုးရီးယားကို ပွဲချိန်၇၆မိနစ်တွင် တိုက်စစ်မှူး ရှက်ဗ်ချင်ကို သွင်းပေးသည့် ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ကိုးပွဲကစား အမှတ် ၂၀ဖြင့် ဒုတိယနေရာတွင်ရှိနေသည်။

### ရိုးမားနှင့်ကယ်ဂလီယာရီ

ခြေပျက်နေသော ရိုးမားတို့ယခုပွဲ အိမ်ကွင်း၌ ခြေစွမ်းပြနိုင်ခဲ့ပြီး ကယ်ဂလီယာရီအသင်းကိုဂိုးမိုးရွာနိုင်ခဲ့သည်။ ရိုးမားတို့ စိတ်ကြိုက် မွှေနှောက်ကစားခဲ့ရာ ပွဲချိန်နှစ်မိနစ်မှာပင် ပင်ဒယ်လက်စ်က တစ်ဂိုး၊ ပွဲချိန် ခြောက်မိနစ်၌ တော့တီကတစ်ဂိုး၊ ပွဲချိန် ၆၄ မိနစ်တွင် ပါရော့တာက တစ်ဂိုး၊ ပွဲချိန်မိနစ်၉၀နှင့် ၉၁မိနစ်တွင် မွန်တယ်လားက နှစ်ဂိုး ဆက်တိုက် သွင်းယူနိုင်ခဲ့သည်။ ကယ်ဂလီယာရီအတွက် ပွဲချိန် ၃၁မိနစ်တွင် ဆူရာဇိုက နှစ်သိမ့်ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ရိုးမားတို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



**စီးရီးအေပွဲစဉ်(၉)အဖြစ် ဂျူဗင်းတပ်နှင့် ချီယေးဗိုတို့ကစားသည့်ပွဲတွင် ဂျူဗင်းတပ်တိုက်စစ်မှူး အီဘရာဟီမိုဗစ်(ဝဲ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)**

### အခြားပွဲစဉ်များ

| | | |
|---|---|---|
| ဖီအိုရင်တီးနား | ၄ - ၀ | လက်ချီ |
| လီဗော်ဒို | ၂ - ၁ | ဘရက်ရှား |
| မက်ဆီနာ | ၂ - ၁ | ရက်ဂျီးနား |
| ပါးမား | ၂ - ၂ | အတ္တလန္တာ |
| ဆီနာ | ၁ - ၁ | ဘိုလော့နာ |
| အူဒီနီးစ် | ၁ - ၁ | ပါလာမို |

(အင်တာနက်)

# ဆောက်သမ်ပတန်ဂိုးသမား အကောင်းဆုံးဘောလုံးသမားဆုရ

**ဟပ်လ်ဆင်ကီ နိုဝင်ဘာ ၁**

ဆောက်သမ်ပတန်ဂိုးသမား အန်တီနိမီအား ဖင်လန်ဘောလုံးအသင်းက စနေနေ့က အကောင်းဆုံးဘောလုံးသမားဆုကို ပေးအပ်လိုက်သည်။

အဆိုပါဂိုးသမားသည် လီဗာပူး နောက်တန်းလူ ဆာမီဟိုင်ပီယာ သုံးနှစ် ဆက်တိုက်ရရှိခဲ့သောဆု ဆွတ်ခူးရရှိသွားခြင်းဖြစ်သည်။

ဟိုင်ပီယာသည် ယင်းဆုကို ၁၉၉၉၊ ၂၀၀၁နှင့်၂၀၀၃ခုနှစ်များက ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၀၀ပြည့်နှစ်က လီဗာပူးကစားသမား ဂျာရီလစ်တီမာနန်က ရရှိခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

# စတော့ခ်ဟုမ်းအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆွီဒင်နိုင်ငံသား ဂျိုဟာန်ဆွန်ဗိုလ်စွဲ

**စတော့ခ်ဟုမ်း နိုဝင်ဘာ ၁**

စတော့ခ်ဟုမ်းအိုးပင်း တင်းနစ်ဗိုလ်လုပွဲကို ဆွီဒင်နိုင်ငံ စတော့ခ်ဟုမ်းမြို့၌ အောက်တိုဘာ၃၁ရက်က ကျင်းပခဲ့သည်။

အဆိုပါတင်းနစ်ဗိုလ်လုပွဲတွင် ဆွီဒင်နိုင်ငံသားသောမတ်ဂျိုဟာန်ဆွန်နှင့်အမေရိကန်နိုင်ငံသား အင်ဒရီအဂတ်စ်ဆီတို့ ဗိုလ်လုကြရာ သောမတ်ဂျိုဟာန်ဆွန်က ၃-၆၊၆-၃၊၇-၆ ဖြင့် အနိုင်ရရှိကာ စတော့ခ်ဟုမ်းဖလားကို ဆွတ်ခူးသွားသည်။

**(ယာပုံ)**

ဂျိုဟာန်ဆွန်သည် ယင်းပြိုင်ပွဲ အနိုင်ရဗိုလ်စွဲခဲ့ခြင်းကြောင့် ဆုကြေး ငွေအဖြစ် ယူရိုငွေ၆၃၂၇၅၀ကို ဆွတ်ခူးရရှိခဲ့သည်။ ၎င်းသည် အဆိုပါပြိုင်ပွဲ၌ဗိုလ်စွဲခြင်းမှာ သူ၏ တင်းနစ်အားကစားသမားဘဝတစ်လျှောက်တွင် အကြိမ်(၆၀)မြောက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဂျိုဟာန်ဆွန်သည် အကြိုဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသား မိုက်ကယ်ရိုက်ဒါစတက်ဒ်ကို ၆-၃၊ ၆-၂ဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ အမေရိကန်အင်ဒရီအဂတ်စ်ဆီသည် အကြိုဗိုလ်လုပွဲတွင် ဂျာမနီမှ တော်မီဟတ်စ်ကို ၇-၆၊ ၇-၆ဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**





## ခမောင်းလှချောင်းမှ နွေစပါးစိုက်ပျိုးရေရရှိရေး စက်ယန္တရားများဖြင့် ဆောင်ရွက်

**ထားဝယ် အောက်တိုဘာ ၁၂**

ထားဝယ်မြို့နယ် မောင်မယ်ရှောင် ကျေးရွာရှိ ခမောင်းလှချောင်းမှ နွေစပါးစိုက်ပျိုးရေ ရရှိရေးအတွက် စက်ယန္တရားများဖြင့် ဆည်ပိတ်ခြင်းလုပ်ငန်းခွင်သို့ ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို၊ ထားဝယ်မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်၊ ခရိုင်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ စက်တင်ဘာ ၂၆ရက်က ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ခရိုင်အင်ဂျင်နီယာဦးမောင်မောင်လေးက ခမောင်းလှချောင်း ဆည်ပိတ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌက ဆည်ပိတ်ချက်များ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ဒေသဝမ်းစာဖူလုံရေးအတွက် လယ်သမားများ ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား ရှင်းလင်းပြောကြားသည်။**(က-ပ)**

## ကျောက္ကာရွှေဂူနီဘုရား ဆီမီးပူဇော်

**မုံရွာ အောက်တိုဘာ ၃၀**

မုံရွာမြို့နယ် ကျောက္ကာရွှေဂူနီ မြတ်စွာဘုရားကြီး၏ သဟပုညကာရီဝတ်အသင်းက ကြီးမှူး၍ ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၈)ရက် ည ၆နာရီခွဲက ရွှေဂူနီဘုရားကြီး၏ ရင်ပြင်တော်၌ ဆီမီး ၉၀၀၀ ပူဇော်ပွဲ ကျင်းပသည်။

ထို့နောက် မုံရွာမြို့ အရှေ့လယ်တီတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ၊ ကျောက္ကာရွှေဂူနီ မြတ်စွာဘုရား၏ ဩဝါဒါစရိယ ဆရာတော်က သီတင်းကျွတ်လပြည့်ကျော် ၁ရက်ညက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြောင်း သိရသည်။ **(က-ပ)**

## ဆောင်ရွက်

**အောက်တိုဘာ ၁၆ရက်က ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများမြို့သာယာလှပရေးအတွက် ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးရန် ပျိုးဥယျာဉ်အတွင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်လှိုင်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် ပြန်/ဆက်)

**မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့ပတ်လမ်း(၂) ဖောက်လုပ်မှုတွင် ရွှေဒူးချောင်း အဆင်းတောင်ကုန်းအား စက်ယန္တရားများဖြင့် လမ်းသားတိုးချဲ့မှုကို အောက်တိုဘာ၂၄ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။**

(မြို့နယ်စည်ပင်)



## အမြို့ မြို့ အနယ်နယ် သတင်းများ



**စက်တင်ဘာ ၂၈ ရက်က မအူပင်မြို့နယ် ဥက္ကဋ္ဌဦးခင်မောင်ဝင်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ရေလဲကလေးကျေးရွာအုပ်စုနှင့် ငါးကြီးဂရက်ကျေးရွာတာဝန်ရှိသူများက ကွင်းအမှတ် ၇၅၈၊ ဦးပိုင်အမှတ် ၁၀၊ တောင်သူဦးတင်မြင့်၏ စပါးမျိုးစံကွက် ရိတ်သိမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြစဉ်။**

(၄၂၁)



### ကွင်းဆင်းကြည့်ရှု

**မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်သူသူအေးနှင့် ဝန်ထမ်းများက ဂျုပ်ပင်ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လေးလက်မစက်ရေတွင်းတူးဖော်မှုကို လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်း ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



## ကျေးလက်ဖွံ့ဖြိုးရေး

## ဝက်လက်မြို့နယ်ပညာ့ရိပ်စာကြည့်တိုက်ဖွင့်

**ဝက်လက် အောက်တိုဘာ ၁၀**

ဝက်လက်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး ပညာ့ရိပ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ၂ရက်က စဥ့်ပါကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးငွေမင်းနှင့် အဖွဲ့ဝင် ဦးစန်းမြင့်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျေးရွာဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးငွေဝင်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရပ်သံကျွမ်းကျင်(၃)ဒေါ်စိုးစိုးလှိုင်က စာကြည့်တိုက်မှူး ဦးနှင်းအောင်ထံ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

(က-ပ)

## ညောင်တုန်းမြစ်ကမ်းရေကာတာကြံ့ခိုင်ရေး ပတ်ဝန်းကျင်သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

**ညောင်တုန်း အောက်တိုဘာ ၃၀**

ညောင်တုန်းမြို့ မြစ်ကမ်းရေကာတာ အစဉ်ကြံ့ခိုင်မှုရှိစေရေး၊ ကြွက်ပေါက်များ၊ ရေစိမ့်ပေါက်များ ကင်းဝေးစေရေးနှင့် ရေကာတာ ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးတို့အတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသက်ပိုင်နှင့် မြစ်ကမ်းပါးပြို ကာကွယ်ထိန်းသိမ်းရေး ကော်မတီဝင်များ၊ အနေးယာဉ်အသင်းဥက္ကဋ္ဌ ဦးစန်းမောင်နှင့် အနေးယာဉ်လုပ်သားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အောက်တိုဘာ ၃၀ ရက်က စုပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ရေကာတာမျက်နှာပြင်နှင့် ရေကာတာဝန်းကျင် ရှင်းလင်းခြင်း၊ ကြွက်ပေါက်များနှင့် ရေစိမ့်ပေါက်များ ရှာဖွေရှင်းလင်း ပိတ်ဆို့ခြင်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(၀၉၈)**



**အောက်တိုဘာ ၁၃ ရက်က အင်္ဂပူမြို့နယ် အားကစားကွင်း၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပရာ မြို့နယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်ကျေးရွာကောင်စီဝင်များ၊ ဘောလုံးအသင်းခြောက်သင်းမှ အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား မြို့နယ်ဥက္ကဋ္ဌ ဦးသစ်လွင်က ပြိုင်ပွဲအဖွင့်အမှာစကား ပြောကြားစဉ်။**

(က-ပ)

## မိုးညှင်းမြို့၌ စုပေါင်း ပန်းအလှပင်စိုက်ပျိုး

**မိုးညှင်း အောက်တိုဘာ ၂၀**

မိုးညှင်းမြို့ ပန်းမြို့တော်တည်ဆောက်ရေးစီမံချက်အရ နားခါမြောက်ရပ်ကွက် မြို့အထိမ်းအမှတ် ရပ်တုအနီးတွင် မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးနှင့် အဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက ကြီးကြပ် စိုက်ပျိုးပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**





မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့်ပျဉ်းမနားခရိုင်အသင်းခွဲတို့ပူးပေါင်း၍ ဓီဝိတဒါနဆေးလှူဒါန်းပွဲကို အောက်တိုဘာ ၁၇ ရက်က ပျဉ်းမနား မြို့နယ် ဇလောင်းကျေးရွာ အုပ်စုငန်းစပ်ကျေးရွာ၌ ကျင်းပရာ ခရိုင် တိုင်းရင်းဆေးမှူး ဦးသန်းဝင်း၊ ခရိုင်အသင်းခွဲ ဦးမောင်မောင်ဦးနှင့် သမားတော်ကြီးများက ကျေးရွာပြည်သူတို့အား ကျန်းမာရေးကြည့်ရှုစစ်ဆေးကာ ဆေးဝါးများကို လှူဒါန်းကြစဉ်။ (၁၀၁)

## သာစည်မြို့နယ် မရွေးကျေးရွာတွင် ပညာ့အလင်း စာကြည့်တိုက်ဖွင့်

**သာစည် အောက်တိုဘာ ၁၅**

သာစည်မြို့နယ် မရွေးကျေးရွာအုပ်စု မရွေးကျေးရွာတွင် ပညာ့အလင်း ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကိုစက်တင်ဘာ၁၇ရက် နံနက်၁၀နာရီက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ပညာ့အလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းတင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဒေါင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကွင်းဆင်းဆောင်ရွက်**

သာစည် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာများတွင် စာတတ်သူတိုင်း စာဖတ်ဖို့အတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရန်ကွင်းဆင်းဆောင်ရွက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**သထုံမြို့ သိမ်ကုန်းရပ်ကွက် ကြေးသွန်းဘုရားလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်တို့ စက်တင်ဘာ၂၈ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## ရပ်စောက်မြို့တွင် မြတ်မြင်းမိုရ် စာကြည့်တိုက်ဖွင့်

**ရပ်စောက် အောက်တိုဘာ ၂၀**

ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းတို့ပူးပေါင်း၍ မြတ်မြင်းမိုရ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်နှင့်ဟောပြောပွဲကို အောက်တိုဘာ၉ရက် နံနက်၁၀ နာရီကကျင်းပရာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူလှိုင်နှင့် အမက(၁၀) ကျောင်းအုပ်ဆရာမကြီး ဒေါ်အမ်ဂျာနန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူလှိုင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ကျေးလက်သတင်းနှင့် မြင်ကွင်း

**နမ့်ဆန်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကို အောက်တိုဘာ၂၀ရက်က ပြည်သူ့အားကစား ကွင်း၌ကျင်းပရာ အနိုင်ရ ဗိုလ်စွဲသွားသော နမ့်ဝေါ ဘောလုံးအသင်းအား နမ့်ဆန်မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းက ပထမဆုဖလားပေးအပ်စဉ်။** (၁၀၆)



## ကျောက်မဲမြို့နယ်ဆင်းရွှေလီ စာကြည့်တိုက်ဖွင့်

**ကျောက်မဲ အောက်တိုဘာ ၁၂**

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆင်းရွှေလီစာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ၂၆ရက် နံနက်၁၀နာရီက ခဲမွန်ကျေးရွာ၌ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးကျော်လွင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးကျော်ဝင်းကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးပညာဘဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ပြောကြား**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးတို့ကို ပြောကြားသည်။

ထို့နောက် ကိုယ့်အားကိုယ်ကိုး ဆင်းရွှေလီစာကြည့်တိုက်သို့ မြို့နယ်အသင်း အတွင်းရေးမှူး၊ မြို့နယ်ဦးစီးမှူး၊ ဓီဝိတလှူမှုရေး ကူညီမှုအသင်းဥက္ကဋ္ဌ ဦးတင်မောင်သိန်းနှင့် ဒေါ်နှောင်းယုတို့က စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးပညာဘဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေငွေးတို့က လက်ခံရယူကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## ဆုချီးမြှင့်

**စက်တင်ဘာ ၁၁ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ အထက(၈) ယင်းမာခန်းမတွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရာ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒေါက်တာ ဦးတိုးတိုးအောင်က ဆုရကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်စဉ်။** (၁၆၈)

## တမူးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ အဆိုပြုလွှာပေးအပ်

တမူး အောက်တိုဘာ ၂၀

**တမူးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို အောက်တိုဘာ ၁၃ ရက်က တမူးမြို့အခြေခံပညာအထက်အတန်းကျောင်း ကဘော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က အမှာစကားပြောကြားပြီးတက္ကသိုလ်ဝင်တန်းဂုဏ်ထူးရှင်၊ထူးချွန်ကြက်ခြေနီ၊ ထူးချွန်မီးသတ်နှင့် (၁၀)ကြိမ်အထက် သွေးလှူရှင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အထက၊အလက၊ အမက ကျောင်းများမှ အသင်းဝင်အဆိုပြုလွှာများနှင့်အလှူရှင်များက ပေးအပ်လှူဒါန်းသောအလှူ ငွေကျပ်နှစ်သိန်းခုနစ်ထောင်ပေးအပ်ရာ ခရိုင်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။**(က-ပ)**

**ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ စက်တင်ဘာ ၂၃ ရက်က ပညာ့ရိပ်သာလမ်း လမ်းပခုံးအား စက်ယန္တရားဖြင့် ဖြတ်ညှိခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)

## ခန္တီးမြို့ သာယာရေး ပန်းအလှပင်စိုက်ပျိုး

**ခန္တီး အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် သာယာလှပရေးအတွက် စက်တင်ဘာ ၂၄ ရက်က ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ လေဆိပ်အဝင်လမ်းမကြီး ဝဲယာတစ်လျှောက်ပန်းအလှပင်များစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ ဦးလှမိုး ကြီးကြပ်ဆောင်ရွက်သည်။

**(က-ပ)**



## ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်

**ချီဖွေ အောက်တိုဘာ ၁၅**

ချီဖွေမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် စက်တင်ဘာ၂၆ ရက်က ခြင်အန္တရာယ်ကင်းရှင်းစေရန် မြို့လမ်းများတွင် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ခြင်ဆေးများ ပက်ဖျန်းခြင်းတို့ကို စည်ပင်သာယာရေးဝန်ထမ်းများက မြို့နေ ပြည်သူများနှင့် စုပေါင်း ဆောင်ရွက်ကြရာ တာဝန်ခံ အင်ဂျင်နီယာ ဦးယဉ်မင်းကျော်က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။**(ပြည်နယ်စည်ပင်)**



**အောက်တိုဘာ၁၆ ရက်က မကွေးတိုင်း ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မရိုးကန်ကျေးရွာတွင် မိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးမြင့်လှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးရန်နိုင်ညွှန့်တို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

# နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ဒေသစာရီ အပူဇော်ခံရေး စည်းဝေး

ဒိုက်ဦး အောက်တိုဘာ ၂၀

**ဒိုက်ဦးမြို့နယ်တွင် (၈၂)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်အပူဇော်ခံရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)က လုပ်ငန်းကော်မတီ အလိုက်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ပွဲတော်ကို နိုဝင်ဘာ၂၁ရက်မှ၂၇ရက်အထိ ကျင်းပမည် ဖြစ်သည်။

ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများဖြင့်စည်ကားစွာ ကျင်းပမည်ဖြစ်ရာ ခင်းကျင်းရောင်းချလိုသူများ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး တင်မြင့်(ငြိမ်း)ဖုန်း ၀၅၂-၄၀၀၃၁နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအောင်စိုး (ဘဏ်-ငြိမ်း)ဖုန်း ၀၅၂-၄၀၀၈၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မင်္ဂလာဈေးမိသားစု ဆွမ်းဒါနအောင်ပွဲ ဓမ္မပူဇာကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

မင်္ဂလာတောင်ညွန့်မြို့နယ်မင်္ဂလာဈေးမိသားစု၏ ဝါတွင်း သံဃာ့ဒါနဆွမ်းလောင်းအသင်းက ဆွမ်းဒါနအောင်ပွဲအထိမ်းအမှတ်အဖြစ်ဓမ္မပူဇာပွဲကို ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတော်ကြီးတွင် နိုဝင်ဘာ ၄ရက်ည၇နာရီတွင်သာသနဓဇ သဒ္ဓမ္မနေပုညသာသန ဓောတိပါလဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရ ဓမ္မဒူတအရှင်ဆေကိန္ဒကလည်းကောင်း၊ နိုဝင်ဘာ ၅ရက် ညတွင် ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဉာဏဝုဓကလည်းကောင်းနိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**


JUNIOR LEADER



## ဖွင့်လှစ်ပေး

**စက်တင်ဘာ ၂၅ရက်က ဟိုပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ငါးမိုင်ကျေးရွာ ပညာအလင်းရောင် စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးသောင်းဖေ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြတင်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့။**

## ဆုချီးမြှင့်

**စက်တင်ဘာ ၂၅ ရက်က ကျောက်မဲမြို့ အမှတ်(၁)မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ ကျင်းပရာ မြို့နယ်အဆင့် ယှဉ်ကျေးမှု ဒုတိယဆုနှင့် ပညာရည်ချွန် ပထမဆုရ စတုတ္ထတန်းမှ မနန်းဟန်နီလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြိုင်က ဆုချီးမြှင့်စဉ်။** (က-ပ)





## ပေးအပ်လှူဒါန်း

**ရန်ကင်းမြို့နယ် ဘောက်ထော် ပြည်သာယာ စွန်းလွန်း ဂူကျောင်းလမ်း အမှတ် ၃(က)နေ ဦးခင်မောင်အေး(စာရေးဆရာ တိမ်မိုးလှိုင်)-ဒေါ်အေးအေး မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် အလှူငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြို့မစာကြည့်တိုက်ဖွင့်

**ပခုက္ကူ အောက်တိုဘာ ၁၂**

ပခုက္ကူမြို့ အမှတ်(၉)ရပ်ကွက် မြို့မ စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၄ရက်က ရပ်ကွက်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ်အလှူရှင်နှင့် စာဖတ်ပရိသတ် တိုးပွားရေးတို့ကို ရှင်းလင်းပြောကြားသည်။ **(၄၁၃)**

## ဇီဝဓာတ်ငွေ့ဖြင့်လျှပ်စစ်မီးလင်းနိုင်ရေးကြိုးပမ်းဆောင်ရွက် ပြင်ဦးလွင်ဇီးပင်ကြီးကျေးရွာ နေအိမ်များမကြာမီ မီးလင်းတော့မည်

ပြင်ဦးလွင် အောက်တိုဘာ ၁၅

**ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေး လုပ်ငန်းအား မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်နှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၈ရက်က ကြည့်ရှုစစ်ဆေးကြသည်။**

အဆိုပါ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေးလုပ်ငန်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းမြင့်သိန်းနှင့် ဇီးပင်ကြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေး လုပ်ငန်းပြီးစီးပါက လေးပေမီးချောင်း အချောင်း ၄၀၀ အထိ မီးလင်းနိုင်သဖြင့် ဇီးပင်ကြီး ကျေးရွာနေအိမ်များ မကြာမီ မီးလင်းတော့မည် ဖြစ်ကြောင်းသိရသည်။ **(၂၈၀)**

## မြန်မာ့အသံ

**၃-၁၁-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

**နေ့လယ်ပိုင်း**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဒီဂျစ်တယ်နည်းပညာသုံး ပြည်တွင်းဖြစ် အဆင့်မြင့်နားကြားကိရိယာအကြောင်း)

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ရဲရင့်ခြင်းကို တွန်းအားပေးသော မြန်မာမှုစာမွန်-ညွန့်ဟံ-ကြူတော)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (မောရှမ်းတို့၏ စကားပုံများ-ဦးကျော်ဝင်း)

**ညနေပိုင်း**

၁၇:၃၀ အစာနှင့် အာဟာရ (သုံးထပ်ကျောက်ကျော)

၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (ဗုံမောင်သိန်းငွေး၏ ဗုံလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)စာပေခရီးသည် (ချစ်နိုင်-စိတ်ပညာ) (၂)စိန်ကွန်းခိုရာ(ခင်စောတင့်)

၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (ဦးတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ရွှေယမင်းဦး၏ ချစ်ဆိပ်ရည်တေးစီးရီး)

## မော်ကျွန်းမြို့တွင် ကျေးရွာလမ်းနှင့်ခြံစည်းရိုးပြီးမြောက်ခြင်းအထိမ်းအမှတ်ဖွင့်ပွဲကျင်းပ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၀

**မော်လမြိုင်ကျွန်းမြို့နယ် ပျားမွတ်လှော်ချောင်း စံပြကျေးရွာများအတွင်းရှိ ကျေးရွာခုနစ်ရွာမှ ကိုယ့်အားကိုယ်ကိုး ကျောက်ခင်း အုတ်သဲလမ်းများနှင့် ခြံစည်းရိုးပြီးမြောက်ခြင်း ဖွင့်ပွဲအခမ်းအနားများကို အောက်တိုဘာ၂၈ရက်က ကျင်းပရာ ပန်းခလေးကျေးရွာတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ဝဲပုံ)**

**ဖွင့်ပွဲများကျင်းပ**

ယင်းနောက် ကျုံလတာကျေးရွာ၊ လေးအိမ်တန်းကျေးရွာ၊ လေ့ကြီးစုကျေးရွာ၊ ပျားမွတ်ကျေးရွာ၊ နွားရေကျော်ကျေးရွာနှင့် ကျည်းချောင်းကျေးရွာများတွင် ဖွင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပရာ လေ့ကြီးစုဓမ္မအေးရိပ်သာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါသဝ၊လေးအိမ်တန်း ပန်းခတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ကေတုမာလာ၊ ကျည်းချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ၊ မြို့နယ် ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်း၊ အုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် ကျေးရွာနာယကလူကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါဖွင့်ပွဲ ကျင်းပသော ကျေးရွာ ခုနစ်ရွာမှာ လမ်းအရှည်ဂမိုင်ရှည်လျားပြီး လမ်းသားချောမွေ့ကောင်းမွန်သဖြင့် တစ်ရွာမှတစ်ရွာသို့လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။ **(၀၉၇)**



## မိုးစပါးစော ၃၅ သိန်းကျော် ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးပြီးစီး

ရန်ကုန် နိုဝင်ဘာ ၁

**ဧရာဝတီတိုင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် ရာသီကုန်ကာလ ဖြစ်သော အောက်တိုဘာလ ၃၁ ရက်၌ ၃၅၀၈၂၉၁ ဧက စိုက် ပျိုး ပြီး ဖြစ် ကြောင်း နှင့် စိုက်ပျိုးပြီး စပါးများ ရှင်သန် ဖြစ်ထွန်းလျက် ရှိကြောင်း သတင်းရရှိသည်။**

**(သတင်းစဉ်)**





**အောက်တိုဘာ ၃၁ ရက်က ဧရာဝတီတိုင်း ပုသိမ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။**

**(ဆောက်လုပ်ရေး)**

## ပုသိမ်ပင်မတံတားနှင့်ချဉ်းကပ်လမ်းတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး တံတားကြီးမကြာမီဖွင့်လှစ်နိုင်ရေး နေ့ညဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့သည် ယမန်နေ့က ဧရာဝတီတိုင်းရှိ ပုသိမ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ တံတားစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းက ပုသိမ်တံတား၏ သံပေါင်ကြိုး တပ်ဆင်ပြီးစီးမှု၊ ကြိုတင်သွန်းလောင်း သံကူကွန်ကရစ် ကြမ်းခင်းပြားများ တပ်ဆင်ပြီးစီးမှု၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၈ ကော်လံ ၃* ●

နိုဝင်ဘာ ၁ ရက်က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ ၂၀၀၄ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ဒိုင်းနှင့်ဖလား)၊ တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်း-၉)(ရန်ကုန်တိုင်း)



## ကမ္ဘာတစ်လွှားထူးထူးခြားခြား

### အမှောင်ဖုံးလွှမ်းနေသော တောင်ဝင်ရိုးစွန်း

တောင်ဝင်ရိုးစွန်းပေါ်တွင် အမှောင်ဖုံးလွှမ်းနေသည်ကို နာဆာမှ ရိုက်ကူးထားသည်ကို တွေ့ရစဉ်။ **(အောက်ပုံ)**

ရာသီဥတုပြောင်းလဲမှုကြောင့် အာတိတ်ဒေသတွင် ဂေဟစနစ်များ ပြောင်းလဲဖြစ်ပေါ်မှု၊ ရေခဲမြစ်များနှင့် ရေခဲပြင်လယ်များ ပြောင်းလဲဖြစ်ပေါ်မှုတို့ ဖြစ်ပေါ်လျက်ရှိရာ နာဆာမှ သုတေသနပညာရှင်များက ရာသီဥတု ဖြစ်ပေါ်ပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာအပြောင်းအလဲများကို လေ့လာရေးဂြိုဟ်တုများ၊ ယာဉ်များမှ အမြဲမပြတ် ရိုက်ကူးသုတေသနပြုလျက်ရှိသည်။ **(အေအက်ဖ်ပီ)**



### ဂေါ်ဇီလာနှင့် ကလေးငယ်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ထုလုပ်ထားသော ဂေါ်ဇီလာရုပ်တုကြီးတစ်ခုရှေ့တွင် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ **(အောက်ပုံ)**

အဆိုပါဂေါ်ဇီလာရုပ်တုကြီးကို တိုကျိုမြို့ရှိ ယိုကိုဆူကာ ပန်းခြံတွင် ပြုလုပ်ထားရှိပြီး ကလေးငယ်များနှင့် လာရောက် အပန်းဖြေသူများအတွက် စိတ်ဝင်စားဖွယ် ထုလုပ်ထားရာ ဂေါ်ဇီလာရုပ်တုကြီးအမြင့်မှာ ၁၀ မီတာရှိကြောင်း သိရသည်။ **(အေအက်ဖ်ပီ)**



## ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် နှစ်လယ်ရတနာပြပွဲကြည့်ရှုအားပေး ပြည်တွင်းပြည်ပရတနာကုန်သည် ၈၂၅ ဦးတို့ ရောက်ရှိဝယ်ယူ နိုဝင်ဘာ ၁ ရက်အထိကျောက်စိမ်းအတွဲပေါင်း ၆၇၃ တွဲ ရောင်းချခဲ့ရ

**ရန်ကုန် နိုဝင်ဘာ ၁**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၄ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

*စာမျက်နှာ ၉ ကော်လံ ၂* ■